

# ဗားမှဲ့-ဗားတမော

## လက်တွေ့အာစီအာရင်ကျမ်း

ဒုတိယတွဲ

## ဆရာညို

# မာတိကာ


ကျွမ်းပြုဆရာ၏ ကျွမ်းဦးအမှာ

အင်း နှင့် ဒိံး အစီအရင် ကဏ္ဍ

သူရဿတီဒေဝီ ပိယသိဒ္ဓိဒိ အစီအရင် ... ၁၇

ဓုဇသိဒ္ဓိအင်း အစီအရင် ... ၂၀

ပိယ နှုတ်ငုံ ကျွမ်းယာအင်း အစီအရင် ... ၂၂

မလောင်းကစားတိုင်း နိုင်စေသော လေး[illegible]
ဆင်ပဒေသာအင်း အစီအရင် ... ၂၄

ပိယသိဒ္ဓိအင်း အစီအရင် ... ၂၇

ဗုဒ္ဓသိဒ္ဓိအင်း အစီအရင် ... ၂၉

[illegible]နွှမှာယ်ကင်းအင်း အစီအရင် ... ၃၁

ဂါထာ နှင့် ပုတီး အစီအရင် ကဏ္ဍ

သေနတ်ကျည်ဆန် မထွက်သော စမ လက်ဖွဲ့
အစီအရင် ... ၃၃

ပိယသိဒ္ဓိ နှုတ်ငုံ ဖောင်စီးလက်ဖွဲ့ အစီအရင် .... ၃၅

ခွေးမကိုက်နိုင်သော အဆောင် ပီယ လက်ဖွဲ့
အစီအရင် ... ၃၆
စမပုတီး အစီအရင် ... ၃၈
အကာလက်ဖွဲ့ အစီအရင် ... ၄၅
ပီယသျှို - ရာဇသျှို - သဗ္ဗသျှို နှုတ်ပုံလက်ဖွဲ့
အစီအရင် ... ၄၆

ရုပ်တု နှင့် ဂဝံ အစီအရင် ကဏ္ဍ

အချုပ်အနှောင် အမျိုးမျိုးမှ လွတ်မြောက်
စေနိုင်သော ရှင်ဥပဂုတ် ထုလုပ် ကိုးကွယ်
နည်း အစီအရင် ... ၄၈
အိမ်စောင့် - ခြံစောင့် - လယ်ယာစောင့် - မြို
စောင့် - ရွာစောင့် - ကျောင်းစောင့်
ဆေးနွားရုပ် အစီအရင် ... ၅၃
သဗ္ဗသျှို ဂဝံ အစီအရင် ... ၅၈
ကိုယ်ပျောက် ဂဝံ အစီအရင် ... ၆၀
ဂဝံလက်ပိုက် အစီအရင် ... ၆၁

ဖယောင်းချက် အစီအရင် ကဏ္ဍ

မိမိချစ်သော ယောကျ်ားက မိမိကို တမ်းတမ်းစွဲ
ချစ်ကြိုက်လာစေနိုင်သော ဖယောင်းချက်
အစီအရင် ... ၆၃

အစ္စသျှို ဗဒေယောင်းချက် အစီအရင် --- ၆၇
ပီယသျှို ဗဒေယောင်းရှပ် အစီအရင် --- ၆၉

ဆေး နှင့် ဆေးပင် အစီအရင် ကဏ္ဍ

အမိ နှင့် နှမကိုပင် မကြည့်မိအောင် ထိန်းချုပ်
ထားရသော လက်တွေ့ ပီယမှန်ကူဆေး --- ၇၁

လက်တွေ့ ပီယသိဒ္ဓိ ခပ်ဆေး --- ၇၂

သူမ၏ အသက်ကို တို့ရုံဖြင့် မိမိနောက်လိုက်လာ
သော လက်တွေ့ ပီယတို့ဆေး အစီအရင် --- ၇၄

အိမ်ကို ကျက်သရေ ရှိစေ၍ လိုအင်ဆန္ဒ ပြည့်ဝ
စေနိုင်သော ချမ်းသာကြီး ဂမုန်း စိုက်ပျိုး
နည်း အစီအရင် --- ၇၅

အကိုက်အခဲ နှိမ်ဆိုး မကောင်းကျိုး မှန်သမျှ
နှင့် မတွေ့ရသော မဟာပြာပေါင်းချုပ်
ဆေး အစီအရင် --- ၇၇

ရှပ်မြှုပ် – အင်းမြှုပ် – သုံ့ခိုး – ခေါးပြ ဘေးရန်
များကို အကာအကွယ်ပေးသော ရှင်သုဝယ်
ကြီးပင် စိုက်ပျိုးနည်း အစီအရင် --- ၈၃

မယုံကြည်နိုင်လောက်အောင် အစွမ်းထက်မြက်
လှသော နှာနှာရှပ်ဆေး အစီအရင် --- ၈၆

စုန်းပယောဂ - နတ်ပယောဂ နှင့် အပင်း ဟူ
သမျှ မပြုလုပ်နိုင်သော နတ်ကြီးဝါးပါး
သေး အစီအရင် .... ဂဂ

သက်တမ်းကျော်အောင် အသက်ရှည် စေနိုင်
သော ရှင်သူငယ် ငှက်ပျော စိုက်ပျိုးနည်း
အစီအရင် ... ၉၃

ဂါထာမန္တန် အစီအရင် ကဏ္ဍ

လစ်ကွဲ - မယားကွဲ - ပြန်ပေါင်း ထုပ်နိုင်သော
ပီယဂါထာ အစီအရင် .... ၁ဝ၂

ရွက်ဖိုးနတ်နှင့် တွေ့ဆုံ၍ လိုရာကို ပြောကြား
တောင်းဆိုနိုင်သော ဂါထာ အစီအရင်.... ၁ဝ၄

ပီယသျှုံသမက ထိပ်နှောင် အကျဉ်းကျမှ
လွတ်မြောက်စေနိုင်သောလက်ဆောင်ပဏ္ဍာ
မန်း အစီအရင် .... ၁ဝ၅

ပီယသျှုံနှင့် အတိုက်အခိုက်များအတွက် မအစ်
ဆီမန်း ဂါထာ .... ၁ဝ၇

အလိုရှိသည်ကို ကြည့်ရှုက ကြည့်ရှုတိုင်း မြင်နိုင်
သော ဆီမန်းဂါထာ .... ၁ဝ၈

ချစ်သူကို ခေါ်လျှင် လာစေနိုင်သော ပန်းမန်း
ဂါထာ အစီအရင် .... ၁၁ဝ

ဘုန်းကျက်သရေတိုး၍ ကောင်းကျိုးသုခ အနန္တ ကို ရရှိစေနိုင်သော အစိန္တိယျ ဂါထာ အစီအရင် .... ၁၀၉

နတ်သိကြားများကပင် လာရောက် အကူအညီ ပေးရသော နရပတိစည်သူမင်းကြီး ဖောဝ် တော်၌ ဆောင်မှုသော ဂါထာမန္တန်တော်.... ၁၁၄

မြန်မာမင်း အဆက်ဆက်က စစ်ဗိုလ်မှူးကြီး များ - မင်းသားကြီးများ - လက်သုံး ပြုခဲ့ သော စစ်၌ ဂါထာ မန္တန် အစီအရင်.... ၁၁၇

ပီယ မျက်စောင်းထိုး မန္တန် အစီအရင် .... ၁၁၈

ကိုယ်ပျောက် ဂါထာ မန္တန် အစီအရင် ၁၁၉

လက်ဖွေ့မန်း ဂါထာမန္တန် .... ၁၂၀

တစ်ပွဲမြန် ဧရာဇ်ကောင်းမန်း မန္တန် .... ၁၂၀

ရင်ဘတ်နာ ဆေးမန်း အစီအရင် .... ၁၂၂

အပင်းကျ ဆီမန်း ဂါထာ အစီအရင် .... ၁၂၃

လက်ဖက်မန်း - ပီယဂါထာ အစီအရင် .... ၁၂၄

လက်ဝါးမြ ပီယ ထုံးမန်း အစီအရင် .... ၁၂၅

ပီယ နနွင်းမန်း အစီအရင် .... ၁၂၆

ကုန်တိုက် ဂါထာမန္တန် အစီအရင် .... ၁၂၇

သက်တန့်နာ ရေမန်း ဆီမန်း ဂါထာ အစီအရင် .... ၁၂၈

စုန်း - ဖုတ် - တစ္ဆေပူး ရောမန်း ဂါထာ
အစီအရင် .... ၁၂၉

မိမိ ပြောဆိုတိုင်း အောင်မြင်သော ပီယမန္တန်
အစီအရင် .... ၁၃၁

လက်နက် အစီအရင် ကဏ္ဍ

ပီယသျှိုနှင့်တကွ ဂူဏ္ဍာသယ လိုရာရနိုင်သော
သုခနေလေး အစီအရင် .... ၁၃၂

ရန်သူမှန်သမျှ အောင်မြင်နိုင်သော ဆေးဝါး
အစီအရင် .... ၁၃၅

အဟာန့်ကောင်းရှိသာမက ဘုန်းတန်ခိုး ကြီးမား
ထက်မြက်စေသောတောင်ဝှေးအစီအရင်.... ၁၃၇

——

ကျမ်းပြုဆရာ၏

# ကျမ်းဦးအမှာ

'ဗားမဲ့ဗားတမော့ လက်တွေ့ အစီအရင်ကျမ်း' ပထမတွဲ၏ ကျမ်းဦးတွင် မြန်မာသက္ကရာဇ် ၈၀၀ - ကျော် ၉၀၀- ပတ်ဝန်းကျင် အချိန်က—

- — မြန်မာနိုင်ငံ၌ 'ဗား-၄-ဗား' အမည်ဖြင့် ဆရာတော် ၄ - ပါး ခေတ်ပြိုင် ထင်ရှားပေါ်ထွန်းခဲ့ခြင်းကိုလည်းကောင်း
- — ယင်းဆရာတော်များ၏ ဝိဇ္ဇာယာန လောကီပညာ အစီအရင်များကို အလျဉ်းသင့်သလို အခြေအနေအရ ဆက်လက် ဖော်ထုတ်သွားမည် ဖြစ်ကြောင်းကိုလည်းကောင်း

ကျွန်တော့်အနေဖြင့် ဝန်ခံစကား ရေးသားထားပြီး ဖြစ်သည်။

ယင်းဝန်ခံစကား အတိုင်းပင် ယခုအခါ 'ဗားမဲ့ - ဗားတမော့ လက်တွေ့ အစီအရင်ကျမ်း' ဒုတိယတွဲကို ဆက်လက် ရေးသား ထုတ်ဝေလိုက်ရခြင်း ဖြစ်သည်။

ဒုတိယတွဲအပြင် တတိယတွဲကိုလည်း ဆက်လက် ရိုက်နှိပ်လျက် ရှိပေသည်။

အမှန်အားဖြင့် ဗားမဲ့ - ဗားတမော့ လက်တွေ့အစီအရင်များမှာ များပြားလှသည်၊ ယင်းသို့ များပြားလှသော အစီအရင်များထဲမှ ယခုခေတ်၌ စီရင်ရန် လွယ်ကူသော အစီအရင်များကိုသာ ရွေးချယ်ထုတ်နုတ်၍ ဖော်ပြလားခြင်းဖြစ်သည်။

ဗားမဲ့ - ဗားထားမှ ဘေ စီ အ ရှင် များ မှာ များပြားလှသလောက် မယုံကြည်နိုင်လောက်အောင်ဆန်းလည်းဆန်းကြသည်၊ ထူးလည်း ထူးခြားသည်၊ အထူးသဖြင့် ယုံကြည်ရန်ခဲယဉ်းလှလောက်အောင် [illegible] ကိုရှိုင်းလှသော ပညာရပ်များလည်း ဖြစ်သည်။

ဤဖြစ်၍ အချို့က [illegible] ကြည့် ပြုံးပြောဆိုတတ်ကြသည်။

သို့သော် ဗားမ[illegible] ထ ဒီ[illegible] အရှင်များမှာ 'ဝိဇ္ဇာယာနပညာ [illegible] နှင့် သည့်ရှိခဲ့သည်မှာ ရာစုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပေပြီ။

ယင်းသို့ ရာစုနှစ်ပေါင်းများစွာ တည်ရှိခဲ့သော ပညာရပ်တစ်ရပ်ကို မိမိ၏ မယုံကြည်နိုင်မှု တစ်ခုတည်းဖြင့် 'မဟုတ်နိုင်ပါဘူး' ဟု အဆုံးအဖြတ်မပေးကောင်းပေ၊ မဆုံးဖြတ်ရပေ။

မိမိ၏ မယုံကြည်မှု တစ်ခုတည်းဖြင့် ဆုံးဖြတ်မည့် အစား 'လက်တွေ့ကျကျ စမ်းသပ် စီရပ်ကြည့်ပါ' ဟု ကျွန်တော့် အနေဖြင့် တိုက်တွန်းလိုပေသည်။

တစ်ဖက်တည်းပင် ယင်းသို့ စမ်းသပ် စီရပ်ကြည့်သော အခါ၌ 'ရှေးဦး အစီအရင်ကျမ်း၌ ပါရှိသည့် ညွှန်ကြားချက်များအတိုင်း တိတိကျကျ မှန်မှန်ကန်ကန် ဖြစ်အောင်လည်း ကြိုးစား လိုက်နာပါ' ဟု သတိပေးလိုပေသေးသည်။

ကျွမ်းပြုဆရာ
ဆရာညို
၂၇-၂-၅၈

# ဆားမဲ့·ဆားဝေဖော့

## လက်တွေ့အစီအရင်ကျမ်း

## ဒုတိယတွဲ

——

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ရှေးဦးအစီအရင်ကဏ္ဍ

ကိုယ်ကာယ နှင့် စိတ်အနေအထား

ဝိဇ္ဇာယာနပညာ အစီအရင်များကို စီရင်တော့မည်ဆိုလျှင် ပထမဆုံး—

— မိမိ ကိုယ်ကာယကို သန့်ရှင်း စင်ကြယ် နေစေရခြင်း၊

— စိတ်အနေဖြင့်လည်း မညစ်ညူးစေဘဲ စိတ်ကြည်လင်နေသော အခါမျိုး ဖြစ်ရခြင်း၊

— ဒေါသထွက်ခြင်း စသည့် အခါမျိုး မဟုတ်စေခြင်း၊

— ကြောက်ရွံ့ ထိတ်လန့်မှုမျိုး လုံးဝ မရှိရခြင်း၊

သက်ဆိုင်ရာ အစောင့်များက မိမိ၏အနီး၌ အမြဲ စောင့်လျက်ရှိသည်ဟု အလေးအနက် စိတ်၌ စွဲမြဲ ယုံကြည်ထားရခြင်း၊

စသည်တို့နှင့် ပြည့်စုံ ကိုက်ညီစေဖို့ လိုပေသည်။

**အချိန်အခါ**

ထို့ပြင် စီရင်သော အချိန်အခါကလည်း မှန်ကန်တိကျဖို့ လိုသေးသည်၊ ဆိုင်ရာ ဆိုင်ရာ အစီအရင်များ၌ ညွှန်ကြား ထားသော—

— နေ့ - ရက်

— အချိန် - အခါ

— စက်ကြိုက်

စသည်တို့ကို ကိုက်ညီနေအောင် အထူးဂရုပြု၍ စီရင်ရမည်။

## စီ ရ င် န ည်း - စီ ရ င် ဟ န်

စီရင်နည်း-စီရင်ဟန် အနေအထားကလည်း ကျနဖို့လိုသေး သည်၊ မည်သည့်အစီအရင်ကို မဆို စီရင်သောအခါ—

— မိမိစီရင်သော အစီအရင်အပေါ်၌ မိမိ၏ အရိပ် မကျရောက်စေခြင်း၊

— နေဝင်ဆဲ, နေထွက်ဆဲ, မွန်းတည့်ဆဲ ကဲ့သို့သော တည့်ဆဲ အချိန်မျိုး၌ အစီအရင်ကို မစီရင်ရခြင်း၊

စသည်ဖြင့် စီရင်နည်း – စီရင်ပာန်များကလည်း အချိုးကျနေ အောင် သတိပြုရပေမည်။

**အင်းကွက် အတွင်းမှ**

**အက္ခရာ နှင့် ဂဏန်းများ**

'ဗားမဲ့-ဗားတမော့ လက်တွေ့အစီအရင်ကျမ်း' ပထမတွဲ ရှေးဦး အစီအရင် ကဏ္ဍတွင် 'အင်းစီရင်နည်း ပညာ' ကို ဖော်ပြခဲ့ပြီးဖြစ်သည်၊ ယင်း 'နည်းပညာ'ကို ဤ၌ အနည်း ငယ် ထပ်မံ ဖြည့်စွက် ဖော်ပြလိုပေသည်။

အင်းအစီအရင်ကို စီရင်သောအခါ ပထမ အင်းကွက်များ ချရမည်၊ထို့နောက် အင်းကွက်အတွင်း၌ အက္ခရာကိုဖြစ်စေ- ဂဏန်းကိုဖြစ်စေ – ရေးသွင်းရမည် ယင်းသို့ ရေးသွင်းသော အခါ—

— မိမိရေးသည့် အက္ခရာ-သို့မဟုတ် ဂဏန်းကို အင်း ကွက်၏ အလယ်ဗဟို၌သာ ရေးသားရမည်။

— အင်းပေါင် မျဉ်းနှင့် မထိစေရုံသာမဟုတ် အင်း ပေါင် တစ်ဖက်ဖက်သို့လည်း မနီးကပ်စေရ။

— မျဉ်းသက်သက်ကို တစ်ချက်တည်းနှင့် လက်ကိုမကြွ ဘဲ အပြီး ရေးဆွဲရမည်။

— အက္ခရာကို ဖြစ်စေ - ဂဏန်းကို ဖြစ်စေ - အစမှ စ၍ ရေးဆွဲခြင်းကိုသာ ပြုရမည်၊ အဆုံးမှ ပြန်၍ မရေးဆွဲရပေ။

ဤအချက်များကို သိသိကျကျ မှန်မှန်ကန်ကန် လိုက်နာ စီရင်ကြရမည်။

ကွဲပြားနေသော

အယူအဆ ၂-မျိုး

'ဗားမဲ့-ဗားတာမော့ လက်တွေ့အစီအရင်ကျမ်း' ပထမတွဲ ရှေးဦး အစီအရင် ကဏ္ဍတွင်—

— အင်းခေါင် အစွန်းထွက်လျှင် ပြင်ဆင်ရန် အတိုင်း မသွန်ကို လည်းကောင်း၊

— အင်းကြီး အတွင်း၌ အင်းငယ်များကို ခရေးသော အခါ မှားယွင်းပါက ပြင်ဆင်ရန် အမိန့်မန္တန်များ လည်းကောင်း၊

ဖော်ပြထားခဲ့ပြီး ဖြစ်သည်၊ ဤ၌ ရှေးဆရာ အစဉ်အဆက်မှ ပြီး အယူအဆ ၂-မျိုး ကွဲပြားနေပေသည်။

ယင်းအယူအဆ ၂-မျိုးမှာ—

(၁) အချို့ ဆရာကြီးများက ယင်းကဲ့သို့ မှားယွင်းက ပြန်လည်ပြင်ဆင်ကောင်းသည် ပညတ်သည်းကောင်း

(၂) အချို့ ဆရာကြီးများက မပြင်သင့်ကောင်း-ပြင် ဆင်ပါက အစွမ်း အာနိသင် မထက်မြက်တော့ သဖြင့် အသစ် တစ်ဖန် ပြန်လည် စီရင်သင့်သည် ဟူ၍ လည်းကောင်း

ဟူ၍ ဖြစ်ပေသည်။


ဤသည်မှာ ရှေးပဝေဏီ အခါနုံကတည်းက ကွဲပြားလာခဲ့ခြင်း ဖြစ်၍ မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့်သာ ခွဲခြမ်း ဝေဖန်ကာ ကြိုက်နှစ်သက်ရာ အယူအဆကို လက်ခံ ယူဆ နိုင်ကြပေသည်။

ထို့ပြင် ဤ ရှေးဦးအစိုးရရင်နှင့် ပတ်သက်၍ ကွဲပြားနေသော အခြား အယူအဆများလည်း ရှိသေးသည်။

ယင်း အယူအဆများကို တတိယတွဲကျမှ ဆက်လက် ရေးသားဖော်ပြမည် ဖြစ်သည်။

——

# ပိယသိဒ္ဓိ သူရဿတီ ဒိပ်



## သူရဿတီဒေဝီ
## ပိယသိဒ္ဓိ ဒိပ်အစီအရင်

### စီရင်နည်း - စီရင်ဟန်

ဤ 'သူရဿတီဒေဝီ ပိယသိဒ္ဓိ ဒိပ်' ကို နှစ်ဖက်မြင် - သိဒ္ဓိ ရက်ကြိုက် - အဝင်နက္ခတ် - စနေနေ့၌ စီရင်ရမည်။

စီရင်သောအခါ သူရဿတီဒေဝီကို ရည်စူး၍ ပန်းနံ့သာစုံ နှင့် ပွဲတစ်ပွဲ တင်ရမည်။

ဘုရားကိုးဆူ ပြည့်အောင် တစ်ဆူလျှင် ဖယောင်းတိုင် သက်စေ့ မီးပူဇော်ရမည်၊ ယင်း ဖယောင်းတိုင်များမှ ရသမျှ ဖယောင်းစက်များကို ပျားဖယောင်း သုံးကျပ်သား ရော၍ စစ်ရမည်၊ ပြီးလျှင် အပြား ပြုလုပ်၍ ဖော်ပြထားသည့်အတိုင်း ဒိပ်ပုံကို ပီသအောင် ရေးရသည်။

အောက်ခြေ - ဝဲ - ယာ — 'သူရဿတီစ' ကို ရေးရမည်။

အလယ်မှ အထက် — 'မေမာတာ' ကို ရေးရမည်။

အထက်မှ - ဝဲ - ယာ — 'မာတာစမေ သူရဿတီ' ကို ရေးရမည်။

ကြိုးလျှော် — 'ဣသွာသု' ကို ရေးရမည်။

ထို့နောက် ပဆင့်ကွက်တွင်

ပထမ — 'မံ ဓာရေဟု သုရက္ခတိ' ကို ရေးရမည်။

ဒုတိယ — 'သံ - ကုံ - မ - က - ဋ္ဌ - သ - ဥ' ကို ရေးရမည်။

တတိယ — 'အောဝိပ - ကုလား - ဇော့သား - တော်ရှင်း' ကို ရေးရမည်။

စတုတ္ထ — 'နံ' ထည့်ရမည်။

ပဉ္စမ — 'ပုမိတ္တိ ဝိယ သံယုတံ - ကယကယ' ကို ရေးရမည်။

ဆဋ္ဌမ — 'န' အထွတ်တပ်၍ အောက်ပါ ဂါထာ မန္တာန်ကို အရံ အဖြစ် ရေးရမည်။

## အရံ ဂါထာ မန္တန်

ဥုံ သရာဣတိစ မေ မာတာ ပဟိ မေတ္တာ ပီယာ စေဝ သဗ္ဗပီယံ သိဒ္ဓိကမ္မံ၊ မေတ္တဥ္စ သဗ္ဗလောကသို့ တိ။

ထို့နောက် အောင်ချည်ကို သက်စေ့ မီးစာဖြင့် လိပ်ပြီးလျှင် ဖယောင်းတိုင် ပြုလုပ်ပါ။

ပြီးလျှင် ယင်း အရံ ဂါထာမန္တန်ဖြင့်ပင် (၁၀၈) အုပ် စုတ်ရမည်။

ယင်း သူရဿတီဒိပ် ဖယောင်းတိုင်ကို မီးထွန်းသောအခါ အောက်ပါ ဂါထာမန္တန်ဖြင့် အနည်းဆုံး (၇) အုပ် စုတ်ရမည်။

ဂါထာမန္တန်

ဩံဩံ-မဟာဓိမြေချာ၊ ဒေဝယာ...မာတာသူရဿ၊ ဒေဝီနတ်လျှင်၊ သွန်းလတ် ပုံမှီ၊ နာရဏီသား၊ ကိုယ်ရောင် ကြွားလျက်၊ ကိုးပါးအစ်မ၊ ဧကပုဏ္ဏာ၊ ရက္ခေယျာ ရက္ခတု၊ သွဟု-သွဟု၊ အမုမှီ ဩကာသေ၊ အဂစ္ဆေယျ-အာဂစ္ဆာဟိပိ။

အညွှန်း

— ဤ ဒိပ်ကို အလွယ်တကူ 'သူရဿတီဒိပ်' ဟု ခေါ်သော်လည်း အမည် အပြည့်အစုံမှာ 'သူရဿတီ ဒေဝီ ပိယာသိဒ္ဓိ ဒိပ်' ဖြစ်သည်။

— ပိယာသိဒ္ဓိအတွက် ဤ ဒိပ်ဖယောင်းတိုင်ကို မီးထွန်းပါက မိမိ၏ ဆန္ဒ-မိမိ၏ အလိုအတိုင်း ပြည့်စုံအောင်မြင်မည်။

— ဒီပံ စီရင်ထားပုံ အနေအထားကို ကြည့်ခြင်းဖြင့် ပီယသိဒ္ဓိ အရာ၌ မည်မျှလောက် အစွမ်း ထက်မြက်မည် ဖြစ်သည်ကို ဝိဇ္ဇာဓရာန ပညာရှင်များအနေဖြင့် သိရှိနိုင်ကြပေသည်။

ဤ သူရဿတီဒီပံမှာ ပီယသိဒ္ဓိအတွက် သက်သက်ဖြစ်သည်၊ အသုံးပြုသူ အနေဖြင့် သစ္စာရှိဖို့လည်း လိုသည်၊ ကာမေသု မိစ္ဆာစာရကိုလည်း ရှောင်ကြဉ်ဖို့ လိုသည်။

\+ + +

ရာဇသျှို အင်း အစီအရင်

↓ ကာ

ဥ (left) — ၎ (right)

| | | |
|---|---|---|
| ရာ | ·ဝါ | မှိုင်း |
| မှိုင်း | နံ့ | ဇ |
| တော | ဥမ် | ဟဲ့ |

ဿ

စီရင်နည်း - စီရင်ဟန်

ဤအင်းကို အဝင်နက္ခတ် - နှစ်ဖက်မြင် - သိဒ္ဓိစုက်ကြိုက် ယောဂ်ါနေ့ ဘွမ်းခံဝင်ချိန်၌ စီရင်ရမည်။

အိုးထိန်းမြေကို ဆီမီးခွက် ပြုလုပ်ပြီး နေလှန်း၍ မီးဖုတ်ရမည်။

ပြီးလျှင် ယင်း ဆီမီးခွက်တွင် အထက်ပါ အင်းပုံစံအတိုင်း ဥ - ကွက်အင်း ချရမည်။

အင်းဆန် — ရာဇတောဝါ ဟဲ့မှိုင်းမှိုင်းဦး
အစောင့်စာမ — က - ဌ - သ - ဥ
အလယ်ကွက်၌ — မိမိ၏ နံက အထက် - တရားစီရင်မည့် တရားသူကြီး၏ နံက - အောက် ရေးသွင်းရမည်။

ထို့နောက် အောက်ပါ ဂါထာမန္တန်နှင့် ( ၁၀၈ ) အုပ် စုတ်ရမည်။

ဂါထာမန္တန်

ဦး အင်္ဂေါတိ မံ ခါရေထ ရာဇတောဝါ ဟဲ့ မှိုင်းမှိုင်းဦး။

မီးထွန်းလိုပါက ဤဂါထာဖြင့် ( ၁၀၈ ) အုပ် စုတ်ပြီးမှ မီးထွန်းရမည်။

အညွှန်း

— တရားတပေါင် ဖြစ်၍ ရုံးပြင်ကနား သွားရလျှင် ဤအင်းကို မီးထွန်းပြီးမှ သွားပါ။

— အမှုကိစ္စ - ရပ်ရေး - ရွာရေး မှုခင်းကိစ္စများ၌လည်း ဤအင်းကို မီးထွန်းနိုင်သည်။

— ' ရာဇသျှုံအင်း ' ဟု အမည်ပေးထားသည့်အတိုင်း မင်းစိုးရာဇာနှင့် သက်ဆိုင်သော ကိစ္စ မှန်သမျှ၌ ဤအင်းကို မီးတွန်းပြီးမှ မင်းစိုးရာဇာ ကိစ္စကို ဆောင်ရွက်ရမည်။

ရာဇသျှုံအင်း ဖြစ်သည့်အတိုင်း အထူးသဖြင့် မင်းစိုးရာဇာနှင့် သက်ဆိုင်သော ကိစ္စ မှန်သမျှ ဉာဏ်ရှိတိုင်း အမျိုးမျိုး၌ထွင် သုံးစွဲနိုင်သည်။

\+ \+

ပိယန္တိင်

ကွမ်းရာအင်းအစီအရင်

| | | |
|---|---|---|
| ဗိ | ယော | သွား |
| ဝေယ | ၁၂၃၄<br>၅၆၇ | ယ |
| ဝါ | ဟုံ | ဗိ |

ဗီရင်နည်းစီရင်ဟန်

ကွမ်းရွက်တွင် အထက်ပါ အင်းကို ချပါ၊ အောက်ပါ ဂါထာမန္တန်ကို အင်းဆန် အဖြစ် ရေးသွင်းရမည်။

ဂါထာ

ပီယ ဝါယေ ပီယော သွားပုံ။

အလယ် အင်းကွက်၌ (၁-၂-၃-၄-၅-၆-၇) ဟူ၍ ခုနစ်နံ ရေးသွင်းရမည်။

ယင်းကွမ်းရွက်ဘွင် ကွမ်းသီး-ထုံး-ဆေး-ထည့်ပြီးလျှင် အဆက်ပါ ဂါထာမန္တန်ဖြင့် (၃၇) အုပ် စုတ်ရမည်။

အညွှန်း

- ယင်းကွမ်းရာကို နှုတ်တွင် ငုံ၍ စကားပြောပါက ပြောဆိုသမျှ အောင်မြင်မည်။
- ရန်သူနှင့် ရင်ဆိုင်ရတော့မည် ဆိုလျှင် ယင်း ကွမ်းရာကို စီရင်ပြီး နှုတ်မှာ ငုံ၍ စကားဆိုပါ၊ ရန်သူပင် ဖြစ်စေကာမူ ဒေါသပြေပျောက်၍ မိမိ ပြောဆိုသမျှ လိုက်နာ ပြုလုပ်လာလိမ့်မည်။

ပီယနှုတ်ငုံ ကွမ်းရာ ဖြစ်သဖြင့် မိမိ အတည်ယူမည့် အမျိုးသမီးကိုသာ ဤအင်းကို အသုံးပြုပါ၊ ကာမေသုမိစ္ဆာစာရကိုလည်း အထူးရှောင်ကြဉ်ပါ။

\+ \+ \+

မလောင်းကစားကိုင်းနိုင်သော
လေးထောင့် ဆင်ပဒေသာအင်း တစီအရင်

| | | | | |
|---|---|---|---|---|
| ၄ | ၀ | ၇ | ၀ | ၄ |
| ၂ | ၂ | ၃ | ၀ | ၂ |
| ၅ | ၃ | နံ | ၃ | ၅ |
| ၂ | ၂ | ၃ | ၂ | ၂ |
| ၄ | ၂ | ၇ | ၂ | ၄ |

စီရင်နည်း - စီရင်ဟန်

အထက်ပါ အင်း၏ အင်းဆန်မှာ—

လေးထောင့် — ဆင်နေ့၊
မဏ္ဍ — သီဟ၊
နာဂ — တက် အောက်၊
တောင် မြောက် — ကြက် ကျား
နေမှာ — သုံးလုံး၊
အဆုံး — လှည့်၍ချ၊

ကုန်းမှာကား — ဖား၊
ရေမှာ — ငါး၊
ရအောင်ရှာ၍ — အသက်မွေးကြဖြား။

ဟူ၍ ဖြစ်ရာ ယင်းအင်းဆန်အရ အထက်ပါ အင်းပုံစံ အတိုင်း မှန်ကန်အောင် အင်းချရမည်။

အညွှန်း

— ယင်းအင်းကို သိမ်ဝင်သပိတ်ကွဲမှာ ချ၍ အလယ် ကွက်တွင် မိမိ သွားလိုသော ကစား နည်း၏ နံကိုထည့်၍ ကစားပါ၊ ကစားသောအခါ 'မည်ရွေ့ မည်မျှ နိုင်လျှင် တန်မည်' ဟု သစ္စာ ဓိဋ္ဌာန်ပြု၍ ကစားရမည်၊ သစ္စာဓိဋ္ဌာန် တည်လျှင် ကစားတိုင်း နိုင်မည်၊ လောဘ ဇောတိုက်ကာ သစ္စာဓိဋ္ဌာန်အထက် ပို၍ ကစားပါက အကုန် ပြန်၍ ရှုံးတတ်သည်၊ သတိပြုပါ။

— ထို့ပြင် သစ္စာဓိဋ္ဌာန် ပြုသောအခါ၌ 'မည်ရွေ့ မည်မျှ နိုင်လျှင် မည်ရွေ့ မည်မျှလောက် ဘုရား အမှူးရှိသော သံဃာတော်များအား လှူဒါန်းပါ မည်' ဟု ကတိစကားကို ထည့်၍ သစ္စာဓိဋ္ဌာန်ပြု ပါက ပို၍ထက်မြက်မည်၊ ပို၍လည်း စွမ်းအင်သတ္တိ ရှိမည်၊ ယင်းသို့ လှူဒါန်းပြီးပါက အင်းစောင့်များ ကို အမျှပေးဝေဖို့လည်း မမေ့ပါနှင့်။

- မိမိ အလိုရှိသူ လာစေလိုပါက ယင်းအင်းကို သိမ်ဝင်သပိတ်ကွဲမှာချ၍ အလယ်ကွက်တွင် လိုသူ၏ နံ နှင့် မိမိ၏ နံကို ထည့်ပါ လိုသူ၏ အဝတ်စ နှင့် မိမိ၏ အဝတ်စကို မီးစာ ပြု၍ မဆစ်ဆီ ငါးကျပ်သားနှင့် မီးထွန်းပါ၊ လိုသောသူ လာ ရောက်လိမ့်မည်၊ လာလျှင် အလိုပြည့်ပြီဟုမှတ်။
- ထို့ပြင် အဆောင် အဖြစ်ဖြင့် အသုံးပြုလိုပါက ငွေပြား၌ အင်းကို ချ၍ အလယ်ကွက်တွင် မိမိ၏ နံကို ရေး၍ လက်ဖွဲ့ထိုးပြီးလျှင် ကြိုးနီ-ကြိုးစိမ်း နှစ်ခု ပိတ်ချင်းတောင့် ထိုး၍ ဆောင်ပါလေ၊ ပီယသျှိ အတွက် ထက်ထက် မြက်မြက် စွမ်းလှ၏။

သို့သော် သူများ သားမယားကိုတော့ အထူး ရှောင်ကြဉ် ပါ၊ အဘည် ယူမည့် အမျိုးသမီးကိုသာ ဤအင်းကို အသုံးပြု ပါ၊ သစ္စာလည်း တည်ပါစေ။

ထို့ပြင် အထက်က ဖော်ပြထားသော ဂီရင်နည်းစီရင်ဟန် အတိုင်းဆရာနည်းကျကျစီရင်နိုင်အောင်ကြိုးစားရမည်၊ ဂရုပြု ရမည်၊ သို့မှသာ ဤအင်း၏ စွမ်းရည်သတ္တိထူးများကို အပြည့် အဝ ရရှိ ခံစားရမည်။

\+ \+ \+

## ပီယသိဒ္ဓိအင်း အစီအရင်

| | | | |
|---|---|---|---|
| | ဥုံ | ဂု | |
| ပ | စိ | ယံ | ရာ |
| ပီ | ဇာ | တ္တိ | တ္တိ |
| | နု | တ္တ | |

ပုံရင်နည်း – ပုံရပ်ပဟန်

အထက်ပါ အင်းကို ကျောက်ပျဉ်မှာ ချ၍ အောက်ပါ ဂါထာမန္တန်ကို အင်းဆန် အဖြစ် ရေးသွင်းရမည်။

ဂါထာ

ဥုံ ဂုတ္တိစိတ္တ ပီယံ နုပတ္တိ ရာဇာ။

ထို့နောက် အင်းချထားသော ကျောက်ပျဉ်ပေါ်တွင် နံ့သာငါးပါးကို သွေးရမည်။

ပြီးလျှင် အောက်ပါ ဂါထာ မန္တန်ဖြင့် (၃၇) အုပ် ရွတ်ရမည်။

ဂါထာ

ဥုံ သူရဿတိ စန္ဒီမယ်ညို လင်ကိုကို၏ လင်လှဲ့ပေးမည်၊ ကာမတဏှာ နုတ်သူဇာ မကြာခဏ ထဘာဟုထချင်းဆရာချင်း။

အညွှန်း

— ယင်း နံ့သာငါးပါးရေကို စားစရာ-သောက်စရာများတွင် ခတ်ပါက ဤခြွေမဆည်နိုင်အောင် မိမိအလိုသို့ ပါလာလိမ့်မည်။

— သူမ၏ အဝတ်၌ ယင်းနံ့သာငါးပါးရေနှင့် တို့ပါက မိမိနောက်သို့ လိုက်လာလိမ့်မည်၊ လိုက်လာလျှင် မိမိပြောတိုင်း ကိစ္စ ပြီးစီး အောင်မြင်မည်။

— နံ့သာငါးပါးရေကို မိမိ၏ကိုယ်၌လိမ်းသွားပါက နံ့သာနံ့ရသည်နှင့် အမူအရာ ချက်ချင်း ထူးခြားလာလိမ့်မည်။

ညှိပိယာသိဒ္ဓိအင်းမှာ လက်တွေ့ အကျော် ဖြစ်၍ သစ္စာရှိဖို့နှင့် ကာဇမသုကို ရှောင်ဖို့တော့ သတိပြုကြပါလေ။

\+ \+ \+

## သဗ္ဗသျှိ အင်းအစီအရင်

| | | | | |
|---|---|---|---|---|
| ဇာ | ဓ | သ | ဗ္ဗ | ဩ |
| ·ည | ၂ | ဧ | ၄ | ဣ |
| ၅ | ၇ | ၅ | ၃ | ဆိ |
| ဤ | ၆ | ၁ | ၈ | ဍွ |
| က | က | ဣ | ဋ | ဥ |

### စီရင်နည်း - ပီရင်ဟန်

ရွှေပြား၌ဖြစ်စေ - ငွေပြား၌ဖြစ်စေ - အထက်ပါ အတိုင်း အင်းချပါ၊ အောက်ပါ ဂါထာမန္တန်ကို အင်းဆန် အဖြစ် ရေးသွင်းရမည်။

### ဂါထာမန္တန်

ဥုံ ဇာဓ သဗ္ဗဂုတ္တိ သိဒ္ဓေဟံ ပီယံ မမ သွာဟ။

ထို့နောက် လက်ဖွဲ့အဖြစ် လိပ်ပြီးလျှင် ယင်း အင်းဆန် ဂါထာမန္တန်ဖြင့်ပင် ( ၁၇ ) အုပ် ရုတ်ပါ၊ ရိုရိုသေသေ သိမ်းဆည်းထားပါ။

အညွှန်း

- ယင်းလက်ဖွဲ့ကို ဆောင်ထားပါက ရာဇသို့ - ရန်သူ သို့ - သဗ္ဗသို့၌ အတုမရှိတည်းဟု ညွှန်းထား သည်။
- လှေနှင့် ခရီးသွားပါက လှေဦး၌ ထားပါ။
- လှည်းနှင့် ခရီးသွားပါက လှည်းဦး၌ ထားပါ။
- ကုန်ရောင်းပါက ယင်း ကုန်ထည့်သော ဈေး တောင်း၌ ထားပါ။

မယုံကြည်နိုင်လောက်သော စွမ်းအင်သတ္တိ အကျိုးများ ခံစားရပါလိမ့်မည်၊ လွယ်လွယ်နှင့် ထက်မြက်လှသော အင်း ဖြစ်သည်။

ဤအစီအရင်များမှာ အောက်လမ်းပညာများ မဟုတ်ပေ၊ အထက်လမ်းပညာများ ဖြစ်သည်ကို သတိပြုရမည်။

အထက်လမ်းပညာ ဖြစ်သည့်အတိုင်း ယင်းမြက် ထိရောက်မှု လည်း ရှိသည် သို့သော် စီရင်သူ ကိုယ်တိုင် သီလ - သစ္စာ- သမာဓိ ရှိမှသာ ထိရောက် ထက်မြက်ပေမည်။

+ + +

အဂ္ဂိရာပယ် ကောင်းအောင်းအစီအရင်

| | | | | |
|---|---|---|---|---|
| ဿံ | | ဂ | | ဦ |
| | ပ | ကြ | ဒ္ဓ | |
| ဗ | ဖ | ဆံ | ရ | ဿ |
| | ဓ | နော | ဠ | |
| ဓ | | ဝ | | ဂ |

ပိရဲပိရုည ။ - ဗိရင်ယန်

ဤအင်းကို နှစ်ဖက်မြင်-ထွက်နက္ခတ်-အမြိတ္တစုက်ကြို|ကံ-သောကြာနေ့ နေဝန်းပေါ်ချိန်၌ စီရင်ရမည်။

၁။ ဘုရားမြေ

၂။ သိမ်မြေ

၃။ ကျောင်းမြေ

၄။ နကျိမြေ

ယင်းမြေ လေးမျိုးကို အမျှစီ ရော၍ ဆိမီးခွက် လုပ်ပြီး အခြောက်လှန်း မီးဖုတ်ရမည်။

ပြီးလျှင် ယင်းဆီမီးခွက်တွင် အထက်ပါ အင်းပုံစံအတိုင်း

— အင်းဆန် — 'ပရစက္ကပ္ပမဒ္ဒနေဘ'
— ထောင့် ၄ ထောင့် — 'သံ - ဂုံ - ပ - မ'
— အစောင့် — 'ဓ - စ - ဗ - ဝ'
— အလယ်၌ — မိမိ၏ နံကို သွင်း

အောင်ချည် သက်စေ့ လက်သုံးသစ်ကို မီးစာ ပြုလုပ်ရမည်။

ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် ( ၁၀၈ ) အုပ် စုတ်ရမည်။

ဂါထာမန္တန်

ဥုံ သဗ္ဗန္တရာယ, သမဏော ပရစက္ကပ္ပမဒ္ဒနေဘ ဝေရ် ဇေယော မှိုင်းတိ။

အညွှန်း

— တစ်စုံတရာ အန္တရာယ်ရှိမည့် ထင်ပါက ယင်းအင်းကို အချိန်မရွေး မီးထွန်းပါ၊ ကျရောက်လာမည့် အန္တရာယ် ကင်းပျောက်မည်။
— တရားတပေါင် - အမှုအခင်း - မင်းရေးစိုးခင်းနှင့် ကြုံကြိုက်လျှင်လည်း ယင်းအင်းကို ထွန်းပါ မိမိဘက်မှ အနိုင်ရမည်၊ အောင်မြင်ရမည်။

သို့သော် မီးမြင်နည်း စီရင်ဟန်ကိုတော့ တိတိကျကျ ဖြစ်အောင် ဂရုစိုက်ပါ။

\+ \+ \+

# လက်ဖွဲ့နှင့်ပုတီး အစီအရင်ကဏ္ဍ

## သေနတ်ကျည်ဆန်မထွက်သော

### စမ လက်ဖွဲ့ အစီအရင်

စီရင်နည်း - စီရင်ဟန်

(၁) ဗုဒ္ဓဟူးနေ့ နံနက် ၄-ချက်တီးမှ ၆-ချက်တီး အထိ အာပေါ အချိန်တွင် မြောက်အရပ်သို့ မျက်နှာပြု၍ 'ဝ' အက္ခရာကို ရေးပါ။

(၂) ကြာသပတေးနေ့ နံနက် ၁ - ချက်တီးမှ ၂-ချက်တီး အထိ ပထဝီ အချိန်တွင် တောင် အရပ်သို့မျက်နှာပြု၍ 'ဗ' အက္ခရာကို ရေးပါ။

(၃) စနေနေ့ ၂ - ချက်တီးမှ ၃ - ချက်တီးအထိ။ တေဇော အချိန်တွင် အရှေ့အရပ်သို့ မျက်နှာပြု၍ 'ခ' အက္ခရာကို ရေးပါ။

(၄) အင်္ဂါနေ့ ၃ - ချက်တီးမှ ၄ - ချက်တီးအထိ ဝါယော အချိန်တွင် အနောက် အရပ်သို့ မျက်နှာပြု၍ 'စ' အက္ခရာကို ရေးပါ။

ယင်းသို့ ရွေပြား - ငွေပြား ရရာတွင် အကွက် လေးလုံး ရေးပြီးလျှင် လိပ်၍ လက်ဖွဲ့ကို နှံ့ သာငါးပါးရေ၌ စိမ်ရမည်။

ထို့နောက် တန်ခိုးကြီးဘုရား၏ရှေ့တွင် အောက်ပါအတိုင်း စုတ်ရမည်။

စုတ်ရန် - ဂါထာများ

ဘုရားဂုဏ်တော် — (၃၇) အုပ်
တရားဂုဏ်တော် — (၃၇) အုပ်
သံဃာဂုဏ်တော် — (၃၇) အုပ်
သမ္ဗုဒ္ဓေ — (၃၇) အုပ်

ယင်းသို့ ဂါထာမန္တန်များ စုတ်သောအခါ၌ 'ဦး' လည်း မခံရ၊ 'သွားဟ' လည်း မယည့်ရဟု ရှေးဆရာကြီးများ အမှာ အသား ပြုထားကြသည်။

အညွှန်း

— ယင်းလက်ဖွဲ့ကို အမြဲ ဆောင်လျှင် ရာဇ - သမ္ပ - တ္တိ - ဟူသော သျှိုသုံးပါး၌ အပြီးတိုင် စွမ်းလှ ကြောင်း အညွှန်း ရှိသည်။

— သို့သော် ကာယသိဒ္ဓိ အရာ၌ အထူး စွမ်း လှ ရာ သောနတ် - အမြောက် - စိန်ပြောင်းများသာ မကာ ဖုံး အတိ ပြီးဖော်သာ လက်ဖွဲ့ဖြစ်သည်။

- သေနတ် - အမြောက် နှင့် ပစ်ပါက ကျည်ဆန် - အမြောက်ဆန်များမှာ ရေအဖြစ် ထွက်ကျလာလိမ့်မည်။

**စမ်းသပ်နည်း**

ယင်းလက်ဖွဲ့ကို ကြက်မှာ ချည်၍ ကြောင်၏ရှေ့၌ ချထားသော်လည်း ကြောင်က မစားဝံ့ကြောင်း လက်တွေ့ တွေ့ရှိရလိမ့်မည်။

\+ + +

ပိယသိဒ္ဓိနှတ်ငုံ

**ဖောင်စီးလက်ဖွဲ့ - အစီအရင်**

စီရင်နည်း - စီရင်ဟန်

သူတစ်ပါး ကာမစပ်ယှက် သွားလာနေစဉ် အပြင်မှ နေ၍ ငွေပြားတွင် အောက်ပါ ဂါထာမန္တန်ကို ရေးရမည်။

ဂါထာမန္တန်

ဥုံ နာမာနံ သမာသော ယုတ္တာတွော။

ပြီးလျှင် ယင်းငွေပြားကို လိပ်၍ အထက်ပါ ဂါထာနှင့် ယင်းနေရာမှာပင် (၃၇) အုပ် ရုတ်ရမည်။

နောက် - လိပ်၍ လက်ဖွဲ့ ပြုလုပ်ရမည်။

## အညွှန်း

– အလိုရှိသည့်အခါ နှုတ်တွင် ငုံ၍ ဆောင်ပါ။

– ပီယသို့သက်သက်အတွက် အစွမ်းထက်မြက်လှ၏။

သို့သော် သစ္စာရှိဖို့ကိုလည်း သတိပြုရမည်၊ ကာမေသု-မိစ္ဆာစာရကိုလည်း ရှောင်ကြဉ်ရမည်။

\+ + +

## ခွေးမကိုက်နိုင်သော

## အဆောင် ပီယလက်ဖွဲ့ - အစီအရင်

| | | |
|---|---|---|
| ဒ္ဒ | ဏ္ဍ | ဝ္ဝ |
| ဒံ | | ဗ္ဗ |
| ဖ | ယ | ဂ |

### စီရင်နည်း - စီရင်ဖန်

စနေနေ့ နေမွန်းတည့် အချိန်တွင် အထက်ပါ အင်းကိုချ၍ အောက်ပါ ဂါထာမန္တန်ကို ရေးသွင်းပြီး လက်ဖွဲ့ထိုးရမည်၊ အလယ်အင်းကွက်၌ ဆောင်လိုသူ၏ မွေးနံကို ရေးသွင်းရမည်၊

## ဂါထာမန္တန်

ဥုံ ဒိဗ္ဗမန္တံ ဂဒံ ဒိယ။

လက်ဖွဲ့ကိုလိပ်ပြီးလျှင် ဤဂါထာမန္တန်ဖြင့်ပင် (၃၇) အုပ် ထုတ်ရမည်။

## အညွှန်း

- ဤလက်ဖွဲ့ကို ဆောင်ထားပါက ရာဇသို့ - ဂုတ္တိ သို့ - သဗ္ဗသို့ ၃ - မျိုးလုံး အာနိသင် ကြီးမား သည်။
- ထို့အပြင် ယင်းလက်ဖွဲ့ဆောင်ထားသူအား မည်မျှ လောက် ဆိုးသွမ်းသော ခွေးပင် ဖြစ်သော်လည်း မကိုက်ဝံ့ မကိုက်နိုင်ပေ။
- ဟောင်လည်း မဟောင်နိုင်ပေ။
- ခွေးမကိုက် - မဟောင်ရုံသာမဟုတ် - အခြားဘေး အန္တရာယ်များ အတွက်လည်း အကာအကွယ်ပေး နိုင်သည်။
- ရန်သူနှင့် ရင်ဆိုင်တော့မည် ဆိုလျှင် ဤလက်ဖွဲ့ကို ဆောင်ထားပါ၊ မိမိဘက်မှ တစ်နည်းနည်းနှင့် မုချ အောင်မြင်ရမည်။

သို့သော် ယုံကြည်မှုရှိဖို့တော့ အထူးလိုအပ်လှပေသည်။

\+ + +

## ဂါထာမန္တန်

ဥုံ ဒိဗ္ဗမန္တံ ဂဒံ ဝိယ။

လက်ဖွဲ့ကိုလိပ်ပြီးလျှင် ဤဂါထာမန္တန်ဖြင့်ပင် (၃၇) အုပ် ခတ်ရမည်။

## အညွှန်း

- ဤလက်ဖွဲ့ကို ဆောင်ထားပါက ရာဇသျှိ - ဂူဏ္ဍိ သျှိ - သဗ္ဗသျှိ ၃ - မျိုးလုံး အာနိသင် ကြီးမား သည်။
- ထို့အပြင် ယင်းလက်ဖွဲ့ဆောင်ထားသူအား မည်မျှ လောက် ဆိုးသွမ်းသော ခွေးပင် ဖြစ်သော်လည်း မကိုက်ဝံ့ မကိုက်နိုင်ပေ။
- ဟောင်လည်း မဟောင်နိုင်ပေ။
- ခွေးမကိုက် - မဟောင်ရုံသာမဟုတ် - အခြားသော အန္တရာယ်များ အတွက်လည်း အကာအကွယ်ပေး နိုင်သည်။
- ရန်သူနှင့် ရင်ဆိုင်တော့မည် ဆိုလျှင် ဤလက်ဖွဲ့ကို ဆောင်ထားပါ၊ မိမိဘက်မှ တစ်နည်းနည်းနှင့် မုချ အောင်မြင်ရမည်။

သို့သော် ယုံကြည်မှုရှိဖို့တော့ အထူးလိုအပ်လှပေသည်။

\+ \+ \+

## စမပုတီး အစီအရင်

### စီရင်နည်း - စီရင်ဟန်

ဤစမပုတီးကို နှစ်ဖက်မြင်-သိဒ္ဓိစုတ်ကြိုက်-ကမ္ဘတ်နက္ခတ်ကြုံသော သောကြာနေ့ နေဝန်းပေါ်ချိန်တွင် သိမ်အတွင်း၌ စီရင်ရမည်။

ပေဒမိညောင်ရွက်( ၁၀၈ )ရွက်တွင် တစ်ခုစီ အစဉ်မလွဲအောင် အောက်ပါအတိုင်း မှတ်၍ ရေးရမည်။

၁ - စ ဝ ခ ဗ၊
၂ - ဠ ဏ သ ဉ၊
၃ - ဆ ခ လ င၊
၄ - န ဂ လ ယ၊
၅ - မ ခ သ ဖ၊
၆ - ထ ဝ သ ဉ၊
၇ - ဇ ဂ လ ပ၊
၈ - ရ ဝ ဟ ဒ၊
၉ - ဌ ဏ ဟ ယ၊
၁၀ - ဝ ဝ ခ င၊
၁၁ - ဍ ခ လ ဉ၊
၁၂ - ဏ ယ ဠ ည၊
၁၃ - ထ ဂ ဟ ပ၊
၁၄ - မ ဏ သ ဗ၊
၁၅ - န ဂ အ ဖ၊
၁၆ - ထ ခ လ ရ၊
၁၇ - ဝ ဝ သ ဖ၊
၁၈ - ဋ ဂ ဟ ယ၊
၁၉ - ဌ ဆ ဠ ဉ၊
၂၀ - ရ ဏ ခ င၊
၂၁ - ဆ ဏ လ ဒ၊
၂၂ - ဇ ခ ဟ ဖ၊
၂၃ - ဏ ခ သ ဖ၊
၂၄ - န ဂ အ ဘ၊
၂၅ - မ ဂ ဠ ယ၊
၂၆ - ထ ခ သ ဘ၊
၂၇ - ထ ဏ ဟ ရ၊
၂၈ - အ၊

| | | | |
|---|---|---|---|
| ၂၉- | သံ၊ | ၅၂- | ပုံ၊ |
| ၃၀- | ဓိ၊ | ၅၃- | ဓိ၊ |
| ၃၁- | သုံ၊ | ၅၄- | အာ၊ |
| ၃၂- | သော၊ | ၅၅- | ဆ၊ |
| ၃၃- | ပုံ၊ | ၅၆- | မေ၊ |
| ၃၄- | သ၊ | ၅၇- | သ၊ |
| ၃၅- | ဗုံ၊ | ၅၈- | ဒိ၊ |
| ၃၆- | အ၊ | ၅၉- | ကော၊ |
| ၃၇- | သွာ၊ | ၆၀- | မံ၊ |
| ၃၈- | သံ၊ | ၆၁- | သုံ၊ |
| ၃၉- | အာ၊ | ၆၂- | ရေ၊ |
| ၄၀- | ဧ၊ | ၆၃- | သော၊ |
| ၄၁- | ဩ၊ | ၆၄- | အ၊ |
| ၄၂- | ဝေ၊ | ၆၅- | ပ၊ |
| ၄၃- | သုံ၊ | ၆၆- | နှ၊ |
| ၄၄- | ဥ၊ | ၆၇- | ပ၊ |
| ၄၅- | ဦ၊ | ၆၈- | ဘုံ၊ |
| ၄၆- | သာ၊ | ၆၉- | သုံ၊ |
| ၄၇- | အာ၊ | ၇၀- | ပိ၊ |
| ၄၈- | ပါ၊ | ၇၁- | အ၊ |
| ၄၉- | ဒ၊ | ၇၂- | ဝံ၊ |
| ၅၀- | အံ၊ | ၇၃- | သိ၊ |
| ၅၁- | ပုံ၊ | ၇၄- | တိ၊ |

| | | | |
|---|---|---|---|
| ၇၅- | ဖုံ၊ | ၉၂- | သာ၊ |
| ၇၆- | ဝိ၊ | ၉၃- | သာ၊ |
| ၇၇- | သိ၊ | ၉၄- | ဘာ၊ |
| ၇၈- | ဓေ၊ | ၉၅- | ဓာ၊ |
| ၇၉- | ကာ၊ | ၉၆- | အာ၊ |
| ၈၀- | ကော၊ | ၉၇- | အာ၊ |
| ၈၁- | ကာ၊ | ၉၈- | ဒု၊ |
| ၈၂- | ဂေါ၊ | ၉၉- | သာ၊ |
| ၈၃- | နာ၊ | ၁၀၀- | နို၊ |
| ၈၄- | မော၊ | ၁၀၁- | မာ၊ |
| ၈၅- | ဓုံ၊ | ၁၀၂- | နာ၊ |
| ၈၆- | ဒွါ၊ | ၁၀၃- | မော၊ |
| ၈၇- | ယျှ၊ | ၁၀၄- | ဓု၊ |
| ၈၈- | သိ၊ | ၁၀၅- | ဒွါ၊ |
| ၈၉- | ဒွိ၊ | ၁၀၆- | ယျှ၊ |
| ၉၀- | သော၊ | ၁၀၇- | သိ၊ |
| ၉၁- | သော၊ | ၁၀၈- | ဒွိ၊ |

ယင်းသို့ ရေးပြီးလျှင် ညောင်ရွက်များကို ပြာပြုရမည်။

ထို့နောက် ငွေပြားတွင် အထက်ပါ အက္ခရာများကို အစဉ်အတိုင်း ရေး၍ လက်ဖွဲ့ကဲ့သို့ လိပ်ရမည်။

အစီအစဉ်မလွဲရအောင် ညောင်ရွက်ပြာများကို သစ်စေးနှင့် ဖေ၍ ငွေလက်ဖွဲ့တွင် ၎င်းပြီး ပုတီးလုံး ပြုလုပ်ရမည်။

ပုတီး၏ အချာအထွယ်တို့ အတွက် 'ပု-ဒိ-အာ' ကို ညောင်ရွက်၌လည်း ရေး - အလားတူ ငွေပြား၌လည်း ရေး၍ အထက်ပါအတိုင်း သစ်စေးနှင့် စေးပြီး အချာအထွတ် ပြုလုပ်၍ အချာအထွတ် တပ်ရမည်။

သိမ်ဝင်ချည်ကို ၂၇-မျှင် ကျစ်၍ တစ်လုံးစီ သီပြီးလျှင် ပုတီး ပြုလုပ်ရမည်။

သိမ်တွင်းရှိ မြတ်စွာဘုရားအား ဆွမ်း - ရေချမ်း - ပန်း ကပ်လှူ ပူဇော်၍ ငါးပါးသီလ ခံယူ ဆောက်တည်ရမည်။

ငါးပါးသီလ ခံယူ ဆောက်တည်ပြီးနောက် သိမ်တွင်းရှိ ဘုရားရှေ့တော်မှာပင် -

- ဘုရားဂုဏ်တော် - ၁၀၈ - အုပ်
- တရားဂုဏ်တော် - ၁၀၈ - အုပ်
- သံဃာ့ဂုဏ်တော် - ၁၀၈ - အုပ်

အသီးသီး စိပ်ရမည်။

ထို့နောက် အောက်ပါ မှော် ကိုးဂါထာနှင့် (၁၀၈) အုပ် စိပ်ရမည်။

မှော် (၉) ဂါထာ

၁။ ဗုဒ္ဓါဒိရတနတ္တယံ၊
ဝန္ဒိတွာန စ သာဒရံ။
သီလာနိ ပရိပူရေတွာ၊
စတုအာရက္ခ ယောဂဧာ။

၂။ အသီတ္တုဆဋ္ဋ ကာယေယာမို၊
သဗ္ဗာဝုဓ ပရိတ္တကော။
ဣမိန္ဒည ပရေနုသိ၊
သမတ္ထော ကာရိတုံ သဒါ။

၃။ သဗ္ဗဗန္ဓန ဆိဇ္ဇေသမို၊
အဒ္ဓောဗဟိ ဗဟန္တံ ဝါ။
အနန္တဗလဝါ ဟောသိ၊
န သက္ကော ဂဏိတုံ သဒါ။

၄။ ဆာယာမတ္တံပိ န ဒိဋ္ဌော၊
န သုတော သဒ္ဒမတ္တကံ။
ခုဒ္ဒကံ မဟန္တံဝါပိ၊
မဟန္တံ ခုဒ္ဒကံ ကရေ။

၅။ ဥဒကာကာသ စာရိကော၊
မဟိံ နိမုဇ္ဇတော ဘဝေ။
သုဝဏ္ဏရဇတာဒီနိ၊
ယတိစ္ဆိတ ကရော သဒါ။

၆။ ကောဋ္ဌာဂါရာဒိကံ သဗ္ဗံ၊
ပုမိတ္တုံပိယာ သံယုတံ။
သဟဿာယုစိန္တာ ဉာဏော၊
ဒွရံ ပိ သမ္ပိံ ဘဝေ။

၇။ ဝိဋ္ဌံခရာ တဗါ သမွေ၊
ပသာန္တေ သုတ မဏ္ဍကော။
ပကာသေတွာ အဏ္ဍသိပ္ပံ၊
မပ် ဒက္ခန္တ၊ တော သဒါ။

၈။ ပရိဝါရေတွာ နိသိန္နော၊
မမဏ္ဍံ ဂရုံ ကဓရာန္နော။
ဝဟန္တ၊ တော အစိပေါဟ်၊
သမ္ဗုဒ္ဓိဇွာ ပယုဏ္ဍာနံ။

၉။ ယထာ ဝုဏ္ဍာနိ ဖလာနိ၊
သမိဏ္ဍတု ယထိဏ္ဍိတံ။
စတုခါတု ပသိဒ္ဓေန၊
ပဟန္တ အဏ္ဍဒသိန္နာ။

ထို့နောက် ဤကျမ်း၏ရှေးဦးအစီရင်ကဏ္ဍ၌ ဖော်ပြထားသော သိဒ္ဓိတင်ခြင်း၊ အသက်သွင်းခြင်းတို့ကို ပြုရမည်။

အညွန်း

— ညအိပ်ရာဝင် - နံနက်အိပ်ရာထတွင် ဘုရားဂုဏ်တော် ကိုးပါးလုံးကို ဖြစ်စေ- တစ်ပါးပါးကို ဖြစ်စေ-ယခု စီရင်ထားသော စမပုတီးဖြင့် ၉-ခေါက်ထက်မနည်း အမြဲ ပုတီးစိပ်ရမည်၊ ကျရောက်မည့်အန္တရာယ်များ ကင်းပျောက်မည်။

— ဤစမပုတီးဖြင့် အမြဲပုတီးစိပ်ပါက ဘုန်းကျက်သရေ တိုးတက်မည်၊ စီးပွားဥစ္စာ အလုပ်အကိုင် အောင်မြင်မည်၊ ကြီးပွားမည်။

— ဘေးဥပဒ် ရန်မာန်အပေါင်း ကင်းမည်၊ ရန်သူမျိုး ငါးပါးအန္တရာယ်မှ ကင်းမည်။

— ဖုတ်၊ တစ္ဆေ၊ သူရဲ၊ သဘက်၊ ကုန်းပယောဂများ မနှောင့်ယှက်နိုင်၊ အကယ်၍ နှောင့်ယှက်ပါက စမပုတီးကို ရေစိမ်၍တိုက်လည်းတိုက်ပါ-လည်ပင်းမှာလည်း စွပ်ပေးပါ။

— အလုပ်ကိစ္စ ဖြစ်စေ၊ တရားတပေါင် ဖြစ်စေ-အောင်မြင်လိုပါက လိုရာဆုကို တောင်း၍ စမပုတီးကို (၉)ခေါက် စိပ်ပါ အောင်မြင်မည်။

— တစ်စုံတစ်ရာကို အလိုရှိပါက ထိုလိုရာကို ဆုတောင်း၍ စမပုတီးဖြင့် ဘုရားဂုဏ်တော်ကို (၉)ခေါက် စိပ်ပါ၊ မိမိလိုရာရရှိမည်၊ အလိုဆန္ဒ ပြည့်ဝရမည်။

— သွားလေရာရာ၌ စမပုတီးကို လည်ပင်းမှာဆွဲ၍ ဆောင်ပါက 'ဣစ္ဆာသယ မနောဟရ ပတ္တမြားတည်း၊ ရွှေစင် တစ်ထောင်မက တန်၏' ဟုညွှန်းထားသည်၊ ဉာဏ်ရှိတိုင်း ချဲ့တွင်၍ ဤစမပုတီးဖြင့် အကျိုးအမျိုးမျိုး ရှာကြံနိုင်ကြပေသည်။

ဤအညွှန်းမှာ အကျဉ်းချုပ်မျှသာ ဖြစ်သည်။ ပုတီး၌ပါသော စမအက္ခရာများကိုကြည့်၍ ယင်းတို့၏ စွမ်းအင်သတ္တိ အရ မိမိသိသည်အတိုင်း အမျိုးမျိုး ချဲ့ထွင် အသုံးပြုနိုင်ကြပေသည်။

+ + +

### အကာလက်ဖွဲ့ အစီအရင်

စီရင်နည်း - ပီရင်ဟန်

ဂါထာ မန္တန်

ငွေပြားပေါ်၌ အောက်ပါပုံစံအတိုင်း အပြန်အလှန် ရေးရမည်။

ဥုံ သော သော သ သ အ အ အ အ နိ

နိ ဃ ဃ ဃ ဃ ဏ ဏ ထော ထော ငြိ

ထို့နောက် ယင်းငွေပြားကို လိပ်၍ ယင်း 'ဥုံ သော သော သ သ အ အ အ အ နိ' ဟူသော ဂါထာမန္တန်နှင့်ပင် (၁၀၈)ခေါက် ရွတ်ရမည်။

ပြီးလျှင် လိပ်၍ လက်ဖွဲ့ထိုးရမည်။

အညွှန်း

— ယင်းလက်ဖွဲ့ကို အမြဲ ဆောင်ထားပါက စုန်း၊ နတ်၊ တစ္ဆေ၊ မြေဖုတ်၊ ဘီလူး၊ မှင်စာမှ စ၍

အမျိုးမျိုးသော ပယောဂ ဘေးအန္တရာယ်များကို ကာကွယ်နိုင်သည်။

— ကလေးများအနေဖြင့် လက်ဖွဲ့ကို လည်ပင်း၌ ချည်ထားပါရန် ဆရာကြီးများ အမှာအထားရှိသည်။

ပယောဂ အမျိုးမျိုးအတွက် အကာအကွယ် ကောင်းလှသော လက်ဖွဲ့ဖြစ်သည်။ လုံခြုံစိတ်ချရသော အစီအရင် ဖြစ်သည်။

\+ + +

ပီ လ ချို ရာ ဇ ချို သ ဗ္ဗ ချို

**နတ်ငုံလက်ဖွဲ့ အစီအရင်**

ဗိရုဝ်နည်း - ဗိရုပ်ဟန်

ရွှေပြား၌ ဖြစ်စေ၊ ငွေပြား၌ ဖြစ်စေ '၀' အက္ခရာကို ရေး၍ အောက်ပါ ဂါထာမန္တန်ဖြင့် (၁၀၈) အုပ် စုတ်ရမည်။

ဂါထာ မန္တန်

ဥုံ ဂိဟိတိ မံ ခါရေထ ဟဲ့ ( ၂) ငါ လာ၏၊ နဝ်မနေနှင့်-ဦးနှိမ်ချ၊ အပဒေ-အပဒါ၊ လက်ယာနံထား မိုးသိကြား၊ ငါ့အား လာ၍ မ၊ ဥုံဘရာဇီ နတ်သမီး ထီးချက် လာ၍ မိုး၊ သတ္တိသား ဘုရား ဖြစ်သည်။

## အညွန်း

— ဘုရက်ကောင်း ( ) အတွင်းက 'ရာဇာ' ဟူသော နေရာ၌ မိမိ အလိုရှိရာကို ထည့်၍ ရွတ်ဆိုရမည်။

— မင်းစိုးရာဇာအိမ် သွားလျှင် ယင်းလက်ဖွဲ့ကို လက်ယာ ပါးစောင်၌ ငုံပါ။

— ပါးစောင်၌ ငုံပြီးလျှင် 'ဖွဲ့ရာဇာ - ငါ့လာပြီ' ဟု စိတ်ထဲက ရွတ်ဆိုပြီး လိုရာကိစ္စကို ပြောပါ၊ ကိစ္စ ပြီးမြောက် အောင်မြင်မည်။

— မိန်းမအိမ်သို့သွားလျှင် လက်ဝဲ ပါးစောင်၌ ငုံပါ။

— ပါးစောင်၌ ငုံပြီးလျှင် 'ဖွဲ့ ... ဣတ္ထိယ-ငါလာပြီ၊ ငါ့အလိုပါရမည်' ဟု စိတ်ထဲက ရွတ်ဆိုပြီး လိုရာ စကားကို ပြောဆိုပါ၊ မိမိအလိုရှိတိုင်း လိုက်လျော လိမ့်မည်။

— ပိယသျှိုနှင့်သဗ္ဗသျှိုတွင် လက်တွေ့တည်း။

— သိဒ္ဓိသေဘ် သစ္စာတော္ ရှိပါစေ၊ အတည်ယူမှ ဤ လက်ဖွဲ့ကို သုံးပါ။

ပိယသျှို-ရာဇသျှို-သဗ္ဗသျှို သုံးပါးလုံး ညွန်းထားသဖြင့် ယင်းလက်ဖွဲ့ကို နှုတ်ငုံရုံသာမက ဉာဏ်ရှိသလောက် အမျိုးမျိုး ချဲ့ထွင် အသုံးပြုနိုင်သည်။

# ရုပ်တုနှင့်ဂဏံအစီအရင်ကျမ်း

အချုပ်အနှောင် အမျိုးမျိုးမှ

လွယ်မြောက်စေနိုင်သော

ရှင်ဥပဂုတ် ထုလုပ် ကိုးကွယ်နည်း အစီအရင်

စီရင်နည်း—စီရင်ဟန်

ကွန်ခဲကို ခိုးယူပြီးလျှင် အရှင်ဥပဂုတ္တာ ရဟန္တာ အရှင်မြတ် ရုပ်တုတော် ထုရမည်။

ထုလုပ်ရမည့် အနေအထားမှာ—

— လက်က သပိတ်ကို နှိုက်နေဟန်

— မျက်လုံးက နေကို စောင်းငဲ့ ကြည့်နေဟန်

ထုလုပ်ရမည်၊ ထို့နောက်—

— အောက်ခြေ ပလ္လင်တွင် လေးကွက်အင်း ချ၍ 'စ • ခ - ဗ - ဝ' ကို အင်းဆန့် အဖြစ် ရေးသွင်းရမည်။

— နဖူးတော်တွင် 'ဝ' ကို ရေးရမည်။

ပြီးလျှင် သနရျေ၍ အောက်ပါ ဂါထာမန္တန်ဖြင့် အသက် သွင်းရမည်။

### အသက်သွင်းရန် ဂါထာ

ဥုံ တနတန ဒေဝတန သဗ္ဗသတ္တရှတန တနကြီး ကျယ် တနငယ် ထောင်သောင်း တနပေါင်း များစွာ ဆရာ့အာဏာ ပြေဆရာပြေ ကြေဆရာကြေ။

ဤဂါထာကို (၇)အုပ် စုတ်၍ အသက်သွင်းရမည်၊ အသက် သွင်းပြီးလျှင် အောက်ပါ ဂါထာဖြင့် (၇)အုပ် စုတ်ရမည်။

### ဂါထာ မန္တန်

ဥုံ အဝိဇ္ဇာဏာက သြသင့် သဝိဇ္ဇာဏာကံ သမ်အံးအံး။

ဤဂါထာဖြင့် (၇)အုပ် စုတ်ပြီးနောက်—

— 'သမ္ဗုဒ္ဓေ'ဖြင့် (၁၁၇)အုပ်

— 'ဣတိပိသော'ဖြင့် (၁၀၈)အုပ်

အသီး အသီး စုတ်ရမည်။ ပြီးလျှင်—

ဥုံ ဣတိပိ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တံ သတ္တ-ဗောဇ္ဈင်္ဂါ စတ္တာရော သတိပဋ္ဌာနာ စတ္တာရော သမ္မပ္ပ-ဒါနာ စတ္တာရော ဣဒ္ဓိပါဒါ ပဉ္စိန္ဒြိယာနိ ပဉ္စဗလာနိ

ရာဇဘယံ စောရဘယံ သတ္တုဘယ သမ္ဗဘယံ ဇေမယော ဓေသပဟု မင်္ဂလံ ပဋိစ္စသမုပ္ပါဒံ ခယာဓမ္မံ ဝယဓမ္မံ ဝိရာဂ- ဓမ္မံ နိရောဓဓမ္မံ ခမတိ။

ဤဂါထာတော်ကြီးနှင့် (၁၀၈)အုပ် ရွတ်ရမည်၊ ပြီးလျှင် သိဒ္ဓိတင်၍ ဆွမ်း - ရေချမ်း - ပန်း ဆက်ကပ် လှူဒါန်း၍ ပြီး ကိုးကွယ်ရမည်။

## အညွှန်း

- အမှုကိစ္စ အတွက် ရဲဌာနတွင် အချုပ်အနှောင်ခံနေရပါက ဤရုပ်တုတော်ကို 'ဥုံ ဥပဂုတ္တေန မာရော ဗန္ဓော'ကို (၇)ကြိမ် ရွတ်ဆိုပါ၊ ထိပ်ခတ် ကြိုးချည် အနှောင်အဖွဲ့မှ လွတ်မြောက်မည်။

- တရားတပေါင်နှင့်ရင်ဆိုင်ရသောအခါ၌ 'သမ္ဗုဒ္ဓေ' ကို (၇)အုပ် ရွတ်ဆိုပြီး ဤရုပ်တုတော်ကို ဆောင်ပါ၊ တရားသူကြီးက ပေးတော့မည့် ဆဲဆဲဖြစ်သော ထောင်ဒဏ် - ကြိုးဒဏ် - သေဒဏ် - တစ်သက် တစ်ကျွန်းဒဏ် - စီရင်ချက်များမှ လွတ်မြောက်မည်။

- ရှင်ဥပဂုတ် ရုပ်တုတော်ကို သင်္ကန်း ဒွိစုံ - ခါးပန်းကြီး - ငှက်ပျော - အုန်း - ထီး - တံခွန် - ကုက္ကား - ပန်း - ဆီမီး - အမွှေးတိုင်တို့ကို မိမိ တတ်နိုင်သမျှ နေ့စဉ် ပူဇော်ပြီး လိုရာဆုကို တောင်းယူနိုင်သည်။

— ထွန်းညှိ ပူဇော်ထားသော ဆီမီး အမွှေးတိုင်များ တစ်ကြိမ်တည်း တဖြည်းဖြည်း မီးမငြိမ်းဘဲ အလို အလျောက် မီးမိ၍ ကိုစွ ပြီးမြောက်မည်။

သီရိမဟာသောကမင်းကြီး၏ ဇမ္ဗူဒီပါ တစ်ကျွန်းလုံးသို့ စေတီပေါင်း ၈၄၀၀၀, ကျောင်းပေါင်း ၈၄၀၀၀ အစရှိ သဖြင့် အလှူကြီး ပေးလှူစဉ်က မာရ်နတ်က လာနှောက် နှောင့် ယှက်ရာ မည်သည့် ရဟန္တာပုဂ္ဂိုလ်ကမှ မတားဆီးနိုင်။

နောက်ဆုံး အရှင်ဥပဂုတ္တ ရဟန္တာ ကြွရောက်လာကာ မာရ်နတ်၏ အန္တရာယ်ကို တားဆီးသော အခါကျမှ မာရ်နတ်၏ အန္တရာယ်မှ လွတ်မြောက်၍ သီရိမဟာသောကမင်းကြီး၏ အလှူ တော်ကြီး ထမြောက် အောင်မြင်ကြောင်းကို မဟာဝင် နှင့် ရှုဋ္ဌဝင်ဋီကာများ၌ ခိုင်ခိုင်မာမာ ပြဆိုထားသည်။

ထို့ကြောင့် ဤရှင်ဥပဂုတ် ထုလုပ်ကိုးကွယ်နည်း အစီအရင် ကို စနစ်တကျ ထုလုပ်စီရင်၍ ယုံယုံကြည်ကြည် ကိုးကွယ်ပူဇော် သင့်ကြပေသည်။

ရှင်ပြုမင်္ဂလာ စသော အလှူမင်္ဂလာ ပေးလှူကြသော အခါ ၌လည်း ရှေးခေတ်မှ စ၍ ရှင်ဥပဂုတ်အား ရည်စူးကာ အုန်း ငှက်ပျောပွဲတို့ကို ချိတ်ဆွဲ ပူဇော်လျက် မာရ်နတ်၏ အနှောင့် အယှက် ဘေးအန္တရာယ်မှ ကာကွယ်လေ့ ရှိကြခြင်းကို အခု အချိန် အထိ မျက်မြင် ကိုယ်တွေ့ပင် ဖြစ်ကြပေသည်။

## အရှင်ဥပဂုတ္တပရိတ်တော်

၁။ ဥပဂုတ္တော မဟာထေရော၊
သမ္ဗုဒ္ဓေ နာဘိဗျာကတော။
မာရဥ္စ မာရဗာလဉ္စ၊
ဒမေဿတိ အနာဂတေ။

၂။ ဥပဂုတ္တော မဟာဝီရော၊
သမ္ဗုဒ္ဓေ နာဘိဗျာကတော။
မာရဥ္စ မာရဗာလဉ္စ၊
ဒမေသတိ အနာဂတေ။

၃။ ဟာဒိသော စ ထေရော သဗ္ဗ-
အန္တရာယ ဝိဓံသတံ။
ယံ ယံ ဥပ္ပဒ္ဒဝံ ဇာတံ၊
ဝိဓံသေတု အသေသတော။

၄။ အာဂတော ဒါနိ သော ထေရော၊
မမ သီသေ ပတိဋ္ဌိတော။
မာရေန ဇနိတံ သဗ္ဗံ၊
အန္တရာယ ဝိဓံသတံ။

၅။ ဝန္ဒာဟံ သိရသာ ဒါနိ၊
ဥပဂုတ္တံ မဟိဒ္ဓိကံ။
သဗ္ဗရောဂါ ဝိရောဓယ၊
ပရိတ္တံ ဒေတု မင်္ဂလံ။

ဤ အရှင်ဥပဂုတ္တ ပရိတ်တော်မှာ တောင်ပုပ္ပါး ရေတာရှည် ပယ်ဇက်တောရ ဆရာတော်ဘုရားကြီးထံမှ ရရှိသော ' မူ ' ဖြစ်ပါသည်။

' အရှင်ဥပဂုတ် ကိုးကွယ်နည်း ' အစီအရင်ကို စီရင် ကိုးကွယ်ကြသူများ အနေဖြင့် နေ့စဉ် အရှင်ဥပဂုတ္တကို ပူဇော်ရင်း ဤ အရှင်ဥပဂုတ္တပရိတ်တော်ကို အနည်းဆုံး ( ၃ ) ခေါက် ရွတ်ဆို ပူဇော်သင့်ကြသည် သို့မဟုတ် ( ၇ ) ခေါက် ( ၉ ) ခေါက် စသည်ဖြင့်လည်း ပူဇော်နိုင်ကြသည်။

ဒီဋ္ဌ လက်ငင်း အကျိုးခံစားကြရမည် ဖြစ်သည်။

\+ \+ \+

## အိမ်စောင့်-ခြံစောင့်-လယ်ယာစောင့်
## မြို့စောင့်-ရွာစောင့်-ကျောင်းစောင့်
## ဆေးနွားရုပ် အစီအရင်
## စီရင်နည်း-စီရင်ဟန်

နှစ်ဖက်မြင်- ထွက်နက္ခတ်- သိဒ္ဓိစုတ်ကြိုက်- စနေနေ့- မွန်းလွဲကြီး အချိန်တွင် ဤဆေးနွားရုပ်ကို စီရင်ရမည်။

၁။ ဘုရားမြေ

၂။ သိမ်မြေ

၃။ နတ်စင်အောက်မှ မြေ

ယင်းမြေ (၃) မျိုးကို ပေါင်း၍ နွားလားဥသဘရင်လှဲ ရမည်။ ယင်း နွားရုပ်၏—

— ထိပ်၌ - 'ဗ' ကို 'ဓ' အုပ်

— ရင်းကို - 'ဝ' အုပ်

— ရင်းကို - 'စ' အုပ်

— လက်ယာ လက်၌ - 'ဥ'

— လက်ယာ ခြေ၌ - 'သ'

— လက်ဝဲ ခြေ၌ - 'က'

— လက်ဝဲ လက်၌ - 'ဒ'

— လက်ယာ နံဘေး၌- လေးကွက်အင်း ချ၍ '၄-၉-၂-၁' ကို အင်းဆန် အဖြစ်လည်းကောင်း

— လက်ဝဲ နံဘေး၌ - လေးကွက်အင်း ချ၍ '၆-၈-၅-၇' ကို အင်းဆန် အဖြစ် လည်းကောင်း

အသီး အသီး ရေးသွင်းပြီးလျှင် အောက်ပါ ဂါထာမန္တန်ဖြင့် (၁၀၈) အုပ် စုတ်ရမည်။

## အစုတ် ဂါထာ

ဥုံ နမောဗုဒ္ဓါယ - စတုဓာတုပသိဒ္ဓံ၊ ဂေါဏော သဏ္ဌော ပုဂ်ဝေါ၊ ဂေါဏော သုညန္တဏ္ဍိ၊ ဂေါဏောန ဌပိတံ ပုဏ္ဏံပိ ရုက္ခဒေဝါ မာခေန္တိ၊ ဂေါဏောန ဆာယာ စရတိ၊ ဒေဝါ ရုက္ခမ္မလေ စရန္တိ။

ယင်းသို့ (၁၀၈) အုပ် စုတ်ပြီးနောက် အောက်ပါ ဂါထာမန္တန်နှင့် (၁၀၈) အုပ် စုတ်ရဦးမည်။

## ဂါထာမန္တန်

ဥုံ ဣတိပိ ဝိဇ္ဇာဓယောဂံ၊ အဝိညာဏကံ၊ ဝိဇ္ဇာရူပံ သဝိညာဏကံ၊ စတုဓာတု ပသိဒ္ဓိကံ သမံအံအံ။

ယင်းသို့ (၁၀၈) အုပ် စုတ်ပြီးနောက် အောက်ပါ ဆန္ဒိုး ဂါထာဖြင့် (၇) ကြိမ် စုတ်ပြီး နှိုးရမည်။

## အနှိုး ဂါထာ

ဥုံ ဟေဟိ ဟေဟိ - ဂေါဏ ဂေါဏ - ပုဂ်ဝ - ပုဂ်ဝါ ဝေ အာဝေနိနိ၊ ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ တိဋ္ဌေဟိ ဥဋ္ဌေဟိ၊ ဆ ဆရာ ထ၊ ကြွ ဆရာ ကြွ။

ပြီးလျှင် အမြင့်တွင် ထား၍ နေလှန်းရမည်၊ ကောင်းစွာ ခြောက်ပါက သစ်ခေးသုတ်၍ ထားရမည်၊ ရွှေမချပါနှင့်။

## အစုတ် ဂါထာ

ဥုံ နမောဗုဒ္ဓါယ - စတုဓာတုပသိဒ္ဓံ၊ ဂေါဏော သဏ္ဍော ပုင်္ဂဝေါ၊ ဂေါဏော သုညန္တတ္ထိ၊ ဂေါဏေန ဌပိတံ ပုတ္တံပိ ရက္ခဒေဝါ မာဒေန္တိ၊ ဂေါဏေန ဆာယာ စရတိ၊ ဒေဝါ ရက္ခမ္မလေ စရန္တိ။

ယင်းသို့ (၁၀၈) အုပ် စုတ်ပြီးနောက် အောက်ပါ ဂါထာမန္တန်နှင့် (၁၀၈) အုပ် စုတ်ရဦးမည်။

## ဂါထာမန္တန်

ဥုံ ဣတိပိ ဝိဇ္ဇာဓယာဂံ၊ အဝိဇ္ဇာဏကံ၊ ဝိဇ္ဇာရူပံ သဝိဇ္ဇာဏကံ၊ စတုဓာတု ပသိဒ္ဓိကံ သမံအံအံ။

ယင်းသို့ (၁၀၈) အုပ် စုတ်ပြီးနောက် အောက်ပါ အနှိုး ဂါထာဖြင့် (၇) ကြိမ် စုတ်ပြီး နှိုးရမည်။

## အနှိုး ဂါထာ

ဥုံ ဟေိ ဟေိ - ဂေါဏ ဂေါဏ - ပုင်္ဂဝ - ပုင်္ဂဝါ ဝေ အာဝေနိနိ၊ ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ တိဋ္ဌေဟိ ဥဋ္ဌေဟိ၊ ဆ ဆရာ ထ၊ ကြွ ဆရာ ကြွ။

ပြီးလျှင် အမြင့်တွင် ထား၍ နေလှန်းရမည်၊ ကောင်းစွာ ခြောက်ပါက သစ်စေးသုတ်၍ ထားရမည်၊ ရွှေမချပါနှင့်။

## အညွှန်း

- ဤ 'မှတ်ဂ နွားလားဥသဘာ' ခေါ် 'ဆေးနွား' ကား အိမ်စောင့် နွားလားတည်း၊ အိမ်အတွက် သာမဟုတ် - သိမ်, ကျောင်း, လယ်ယာ, မြို့, ရွာ စသည်တို့ အတွက်လည်း အစောင့်အနေအဖြစ်ဖြင့် ချထားနိုင်သည်။

- ညဉ့်ရေး - ညဉ့်ရာ - ရှိမည် ထင်လျှင် အနှိုးဂါထာ ဖြင့် ( ၇ ) အုပ် နှိုး၍ 'ရန်ကို စောင့်ပါသီ' ဟု ဆိုပြီ လျှင် သင့်လျော်ရာမှာ ထားရမည်၊ ပြီးမှ အိပ်ရမည်။

- ယင်း ဆေးနွား 'တွန်သည်' ဟု အိပ်မက်လျှင် ရန်အပေါင်းကို အောင်မည်၊ မိမိအား မကောင်း ကြံသူ ပြုသူများ အလိုအလျောက် ပ,ပျောက်သွား ရမည်။

- ယင်း ဆေးနွား 'ဝှေ့သည်' ကို တွေ့ရသည်ဟု အိပ်မက်လျှင် အလိုလို ရန်ပြိမည်၊ ရန်သူ၌ သူ့ဒဏ် သူပြန်မည်။

- ယင်းဆေးနွား အိပ်ခြံပတ်လည်၌ လှည့်သည်ဟု အိပ်မက်လျှင် ရန်အန္တရာယ် ရှိသည်၊ သို့သော် ယင်း အန္တရာယ်မှာ အလိုလို ပပျောက် သွားရမည်။

- ယင်းဆေးနွားကို သွားလေရာရာသို့ ဆောင်ယူ၍ သွားနိုင်သည်။

- ယင်းဆေးနွားကို–(၁) အန္တရာယ်မကင်းသော ခရီးသို့ သွားလာရသူများ, (၂) အန္တရာယ်များသော အရပ်ဒေသ၌ နေထိုင်သူများ, (၃) အိမ်ကြမ်း - မြေကြမ်း - လယ်ယာကြမ်း စသည်တို့တွင် နေထိုင် လုပ်ကိုင် ကြရသူများ, (၄) မြို့စွန် - ရွာစွန်တွင် နေထိုင်ကြရသူများ, (၅) အစိုးရ အမှုထမ်းအဖြစ်ဖြင့် နယ်လှည့် သွားလာရသူများ, (၆) ဆရာပြုလုပ်၍ လှည့်လည် သွားလာရသူများ, (၇) ပစ္စည်းပိုက်၍ ခရီးသွားလာရသူများ စသူတို့အနေဖြင့် အမြဲ ဆောင်ယူသွားပါက ဘေးရန် အန္တရာယ်များ အဝေးမှ ကင်းဝေး ပပျောက်မည်ဖြစ်သည်။

သို့သော် ဤဆေးနွားကို ပြုလုပ်ရာ၌ ပိပြင်ရန်နှင့် စီရင်နည်း - စီရင်ဟန် အချိုးကျ မှန်ကန်ဖို့ကိုတော့ အထူး ဂရုပြုဖို့ လိုသည်။

## သဗ္ဗသျှိ ဂဝံ အစီအရင်

## စီရင်နည်း - စီရင်ဟန်

ကိုယ်ဝန်ဆောင် မိန်းမသေ အရိုးကို ဂဝံသားပိုက် နို့စို့ဟန် ထုပြီးလျှင်—

ဂဝံ ထိပ်ပေါ်၌ — တနင်္ဂနွေနံ။
လက်နှစ်ဖက်ပေါ်၌ — တနင်္လာနံ။
နှာခေါင်းပေါ်မှာ — အင်္ဂါနံ။
ရင်ပေါ်မှာ — ဗုဒ္ဓဟူးနံ။
ဝမ်းပေါ်မှာ — ကြာသပတေးနံ။
ဖမိုးပေါ်မှာ — သောကြာနံ။
မြီးညှောင့်မှာ — စနေနံ။

အသီးအသီး ရေးရမည်၊ ယင်းသို့ ရေးပြီးလျှင် နတ်ရဲသော သစ်ပင်မှာ ယင်းဂဝံရုပ်ကို အောက်ပါ ဂါထာမန္တန်ဖြင့် (၁၀၀၀) အုပ် စုတ်ရမည်။

### ဂါထာမန္တန်

ဥုံ ဗုဒ္ဓံ ဓမ္မံ သံဃံ၊ နမော ကုရုကာ တုံ သွားဟာယျကပ်။

ထို့နောက် အောက်ပါ အန္တိုးမန္တန်ဖြင့် (၇) အုပ် မန်း၍ စီရင်ရမည်။

အနှိုး မန္တန်

ဥါ ရသေ ရှစ်သောင်း ဆရာကောင်းပညာ၊
ထ ဆရာ ထ၊ ကြ ဆရာ ကြ။

အညွှန်း

- အဝတ် ပုဆိုး ပဝါများ၌ ချည်၍ ဆောင်လျှင် ရာဇ - သဗ္ဗ - ဣတ္ထိသို့ သုံးပါး၌ အပြီးတိုင် ကောင်းလှ၏။
- မင်းအိမ်သို့ သွားလျှင် ပုဆိုးစ၌ ထုပ်၍ သွားပါက မျက်နှာမြင်မြင်ချင်း ဆီး၍ နှုတ်ဆက်လိမ့်မည်။
- ယင်းဂဝံကို နှုတ်၌ ငုံ၍ ဟစ်အော် ကြိမ်းမောင်း လျှင် အသံကြားသမျှ ရန်သူအားလုံး ထိတ်လန့် ကြောက်ရွံ့ကုန်၏။
- အရေးကြီးလျှင် နှုတ်တွင် ငုံပါ၊ ဓား - လှံ - လေးမြား - သေနတ် - ဒုံးယမ်း - မီးကျောက် မမှန် နိုင်။

'အပါး ၃၀ ပြီးသည်' ဟု ရှေးဆရာကြီးများ အမှာ အထား ရှိသည်၊ ဉာဏ်ရှိတိုင်း ချဲ့ထွင် သုံးစွဲနိုင်သည်ဟုလည်း ကျမ်းရင်း ပေစာ၌ အမှာအထား ရှိသည်။

\+ \+ \+

## ကိုယ်ပျောက် ဂဝံ အစီအရင်

### စီရင်နည်း - စီရင်ဟန်

စစ်သိန်မြစ်ကို ရှစ်ဆစ် ဆစ်၍ တစ်ဆစ်ကို ယူပြီးလျှင် ဂဝံ ရှပ်ထုပါ၊ ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် ဘတ် အားသမျှ ရွတ်ရမည်။

### ဂါထာ မန္တန်

ဥုံ နမော ဗုဒ္ဓါ၊ နမော ဓမ္မာ၊ နမော သံဃာ၊ အထက် မြင်စွာ ပျံနမ် ပျှမှိုင်း။

### အညွှန်း

- ယင်းဂဝံရှပ်ကို ရဟန်းတော် ဖြစ်က ရင်ဖွဲ့၍ဆောင် ရမည်၊ လူဖြစ်က ဦးခေါင်း အလယ်၌ ဆောင်ရမည်၊ ကိုယ်ပျောက်၏။
- သွားလေရာရာ အရိပ်ကိုမျှပင် မမြင်ရပြီ။

အရေးကိစ္စ ကြီးကျယ်မှ အသုံးပြုပါ၊ အခြား သူများကို လည်း ငှားရမ်းခြင်း မပြုပါနှင့်။

## ဂဝံလက်ပိုက် အစီအရင်

### စီရင်နည်း - စီရင်ဟန်

ဤဂဝံလက်ပိုက်ကို ကမွတ် နှစ်ဖက်မြင် - သိဒ္ဓိရုတ်ကြိုက် ဗုဒ္ဓဟူး နေ့ နေမဝင်မီ ရောင်နီဖြာချိန်တွင် စတင် စီရင်ရမည်။

ကောင်း၍ ခြောက်သွေ့နေသော ဂဝံကမြင်းကို ဂဝံလက်ပိုက် ထု ခုပ်ရမည်။

| | |
|---|---|
| — ပုံးဓဏ္ဍာခန်မှာ | — မတ်ရပ် ဖြစ်သည်။ |
| — အောက်ပိုင်းကွဲ | — အဝတ် ပါစေရမည်။ |
| — အပေါ်ပိုင်းတွင် | — ဗလာကျင်း ထားရမည်။ |
| — လက်ပိုက်နေဟန် | — အ သား မြွတ် နှစ် ခု မို့ မောက် ဖောင်း ကြွ စွာ ပေါ်စေရမည်။ |
| — ဆံဝင်ကို | — နောက်သို့ နှစ်မြွာ ခွဲချ ထားရမည်။ |
| — ခါးကို | — အနည်းငယ် ကောဆား ပြီး မတ်တတ်ရပ် နေစေရမည်။ |

ယင်းသို့ ပီသစွာ ထုလုပ်ပြီးနောက် နတ်ရဲ့ သစ်ပင်အောက်တွင် မုန့်ဖြူ၊ မုန့်နီ ၃ ယှက်စီ၊ ပန်းနီ-၃ ပွင့် - ဗန်းနှင့် ထည့်၍ အောက်ပါ ဂါထာမန္တန်ဖြင့်( ၁၀၈ )ကြိမ် ရုတ်ရမည်။

ဂါထာမန္တန်

ဥုံ ဒေဝါ ဒေဝီ မှိုင်းဆရာနိုင်း၊ ယော ဘသား ယိမ်းလိုက်၊ ယော ဘသမီး မှိန်းလိုက်၊ အမောင်မြူး ကြူးသတည်း၊ အမိမြူး ရှူးသတည်း၊ မြူးလည်း မြူး စေလေ၊ ထူးလည်း ထူးလေစေ၊ ရှူးလည်း ရှူးလေစေ၊ ပီယေ ဒေဝါ ပီယာ ဒေဝီ၊ အမောင်ရှင် ကြင်မည့် တကြည့်ကြည့်၊ အမယ်ရှင် ခင်မည် တအီအိ၊ ပိယေဟိ သမ္မယောဂေါ သွာဟာ။

ယင်းသို့ ( ၁၀၈ ) ကြိမ် စုတ်ပြီးနောက် 'ဥုံ ဣတိပိ အပိ-ဉာဏ' ဟူသော အသက်သွင်း ဂါထာနှင့် ( ၁၀၈ ) ကြိမ် အသက်သွင်းရမည်။

အညွှန်း

— သွားလေရာ၌ ငွေကြုတ်နှင့်ထည့်၍ ဆောင်ရမည်၊ သဗ္ဗသျှို့၌ အပြီးတိုင်၏။

— သွားလေရာ - ရောက်လေရာ အရပ်၌ ပြုံစုမ,စမည့် သူ ပေါ်ပေါက်ရမည် အနေအစား မဆင်းရဲ၊ ရန်သူပင်ဖြစ်သော်လည်း မေတ္တာရောက်၏။

— မိမိအလိုရှိသော မိန်းမပျိုကို ကြံလိုလျှင် 'ဂဝံရှင်မ-စကားဆိုပါလော့' ဟု တိုင်တည်၍ ကြံရမည်၊ သို့သော် သစ္စာထိန်းနိုင်မှ ကြံပါလေ။

— မင်းစိုးရေးရာ ကိစ္စ ကြီးငယ် ကြုံသောအခါ၌- 'ဂဝံရှင်မ-ရွှေဆောင်ရွှေရွက် ပြုပါဘိ' ဟု တိုင်တည်၍ ဆောင်ရွက်ရမည်၊ ဆောင်ရွက်တိုင်း အောင်မြင်မည်။

— သိပ်မကာကျင့်သော် ဦးခေါင်းရင်း၌ထား၍ အိပ်ရမည်။

— ဘေးဒဏ် ရန်မာန် အန္တရာယ် အပေါင်း ကင်းပျောက်သည်။

— လူခပ်သိမ်းတို့၏ ချစ်ခင် မြတ်နိုး လေးစားမှုကို ခံယူရမည်။

— သစ္စာရှိရင် ဗုံ့ရှိသလောက် စီးပွားဥစ္စာ တိုးတက်မည်။

ဉာဏ်ရှိတိုင်း အမျိုးမျိုး ချဲ့ထွင် သုံးစွဲနိုင်သော အစီအရင် ဖြစ်သည်။

သစ္စာ ကတိ တည်ဖို့ကိုတော့ အထူးသတိပြုပါ။

# ဖယောင်းချက်အစီအရင်ကဏ္ဍ

မိမိချစ်သောယောက်ျားက မိမိကို

တခဲးတခဲးစွဲ ချစ်ကြိုက်လာစေနိုင်သော

**ဖယောင်းချက် အစီအရင်**

စီရင်နည်း - စီရင်ဟန်

မြေဖယောင်း နှစ်ကျပ်သားတွင် တစ်ကျပ်သားကို ဥစောနမင်း ဆင်စီးဟန် ထုလုပ်ပါ၊ ဆင်၏ မေးတွင် ဇင်ရွှေးဖြူစေကို တပ်ထားရမည်။

ကျန်သော မြေဖယောင်း တစ်ကျပ်သားကို မြင်းရုပ် သူရသတီ နတ်သမီး စီးနေဟန် ထုလုပ်ရမည်၊ မြင်း၏ မေးတွင် ဇင်ရွှေးနီစေ့ကို တပ်ထားရမည်။

ထို့နောက် —

— ဆင်၏ခံတွင်းမှာ ကြံဖတ်ကိုလည်းကောင်း၊

— မြင်း၏ခံတွင်းမှာ မြေစာ မြက်ကို လည်းကောင်း သွတ်ထားရမည်။

ပြီးလျှင် ဆင်ခြေရာမြေနှင့် မြင်းခြေရာမြေ နှစ်မျိုးကို ရော၍ ဖယောင်းချက် ချက်ရန် အိုးပြင်ဆင်ရမည်။

ယင်း အလုပ် နှစ်ရပ်ကို ချိန်ပြီးလျှင်—

— လေးသောအရုပ်ကို အောက်၌ လည်းကောင်း၊

— ပေါ့သောအရုပ်ကို အထက်၌ လည်းကောင်း

အိုးတွင်းသို့ ထည့်ရမည်၊ ထို့နောက် မဆစ်သီ တစ်ကျပ်သားကို အိုးထဲသို့ ထည့်ရမည်။

စနေ လက္ခဏာယ်သည့် နေ့တွင် ဗောဓိပင်အောက်၌ နတ်ပွဲ ယကာ ပသ၍ ယင်းမြေဖယောင်းကို ချက်ရမည်၊ ချက်နေစဉ် အတွင်း၌ အောက်ပါ ဂါထာမန္တန်ဖြင့် ( ၁၀၀၀ ) အုပ် စုတ်ရမည်။

ဂါထာမန္တန်

ဥုံ အသာ စိတ္တံ သိဒ္ဓေဟံ ဟေ ဟေ စိတ္တံ ပီယံ မမ။

ယင်းသို့ ချက်နေစဉ် အတွင်း၌ မိမိ လိုရာ ဆုကိုလည်း တောင်းရမည်။

ဖယောင်းချက် ချက်ပြီးသော အခါ၌လည်း အထက်ပါ ဂါထာမန္တန်ဖြင့် ( ၃၇ ) အုပ် ထပ်မံ၍ စုတ်ရမည်။

ယင်းဖယောင်းချက်ကို ရှိသေစွာ သိမ်းထားရမည်။

## အညွှန်း

– မင်းစိုးသူဌေးအိမ်သို့ ကိစ္စရှိ၍ သွားသော် လည်းကောင်း, တရားတပေါ်ဝင် ဖြစ်၍ တရားရုံးသို့သွားသော် လည်းကောင်း ဖယောင်းချက်ကို နှုတ်ခမ်း၌ သုတ်၍ သွားရမည်၊ ကိစ္စဟူသမျှ အောင်မြင် ပြီးစီးမည်။

– ( ၇ ) ရက် သားသမီးတို့ ချစ်စေလိုသော် နို့ဆံကို သုတ်ရမည်၊ ( ၇ ) ရက် သားသမီးတို့ ချစ်ခင် မြတ်နိုးကြလိမ့်မည်။

– မိန်းမအနေဖြင့် လင်ယောကျ်ား ရလိုပါက ပါးကို သုတ်ရမည်၊ မိမိ လိုချင်သော ယောကျ်ားနှင့် အလုပ်ကိစ္စတစ်ခုခုကို ရမယ်ရှာကာ လူချင်းတွေ့ဆုံ စကားပြောရမည်၊ မိမိလိုချင်သော ယောကျ်ားက တန်းတန်းစွဲ ချစ်ကြိုက်လာလိမ့်မည်။

– လင်မယား အချင်းချင်း မုန်းစိတ်ဝင်ပြီး ကွာရှင်းလိုပါက ကွာရှင်းလိုသူ၏ မျက်ခုံးကို လှန်၍ သုတ်ပြီးလျှင် မျက်စိကိုပွတ်ရမည်၊ မုန်းစိတ် ဝင်လာလိမ့်မည်၊ ကွာလို ရှင်းလိုသည် အထိ မုန်းစိတ်ဝင်လာလိမ့်မည်။

ဉာဏ်ရှိသမျှ အမျိုးမျိုး ချဲ့ထွင် သုံးစွဲနိုင်သော ဖယောင်းချက် ဖြစ်သည်။

သ ဗ္ဗ ဒျို
ဖ ယောင်း ချ က် အ စီ အ ရ င်
စီ ရ င် န ည်း — စီ ရ င် ဟ န်

တန်ခိုးကြီး ပွဲတော်ရ ဘုရား ၉ - ဆူမှ ဖယောင်းစက်ကို ယူပြီးလျှင် မသစ်ထီနှင့် ရော၍—

၁။ မိန်းမရှင် ပန်သောပန်း
၂။ အပျိုစင် ပန်သောပန်း
၃။ လမ်းမှာ ကျနေသောပန်း
၄။ အပျိုစင်ခေါင်းပေါ်က ကျကဲ့သော ဆီးကွဲ
၅။ လေပွေလွင့် သစ်ရွက် (မြေပေါ် မကျမီ ရအောင်ယူ)
၆။ ဆင် အထက် မုန်
၇။ ဆင် အောက် မုန်
၈။ ဆင်နှာ:ရွက်ဖျား
၉။ ဆင်မြီးဖျား
၁၀။ ဆင်နှာမောင်းဖျား
၁၁။ ဂမုန်းလဝန်း
၁၂။ နံ့သာဖြူ
၁၃။ နံ့သာနီ
၁၄။ အာကျော်

၁၅။ စမ္ပာ
၁၆။ ကရမက်
၁၇။ ကတိုး

တို့ကို ရော၍ ချက်ရမည်။

ချက်နည်း စီရင်နည်း

ချက်သောအခါ ညသန်းခေါင်ကျော် လူခြေတိတ်ချိန်၌ ထီးပြု မိုး၍—

၁။ ဂဠုန်-
၂။ နဂါး-
၃။ ခြသေ့်-

ဖိုခနောက် သုံးလုံး ခံပြီးလျှင် နံ့သာထင်း (၇) ချောင်းနှင့် ချက်ရမည်။

ယင်းသို့ချက်နေစဉ် မွှေနေစဉ် အောက်ပါ ဂါထာမန္တန် ဖြင့် (၁၀၀၀) အုပ် ရွတ်ရမည်၊ (၁၀၀၀) ပြည့်မှ ဖိုပေါ်က ချရမည်။

ဂါထာမန္တန်

ဥုံ အဥအံ၊ ဣတိပိသော ဘဂဝါ၊ နမော ဗုဒ္ဓါယ။

ယင်း ဖယောင်းချက်ကို သုံးစွဲလိုသောအခါ မသုံးမီ အောက်ပါ ဂါထာဖြင့် (၇) အုပ် နှိုးပြီးမှ သုံးရမည်။

ဥုံ ဣမန္တုတံတေ
တေတံန္တုမဣ

အညွှန်း

- သုံးလိုသောအခါ နှုတ်ခမ်း၌ သုတ်ပါ၊ ပြောသမျှ အောင်မြင်မည်။
- သဗ္ဗသျှိအရာတွင် အတုမရှိတည်းဟု ညွှန်းထားသည်။
- အကျိုးရှိတိုင်း ချွတ်ထွင် သုံးစွဲနိုင်သည်။

ဤဖယောင်းချက်၌ပါဝင်သော ဆေးအမည်များကိုကြည့်ခြင်းဖြင့် ရာဇသျှိ - သဗ္ဗသျှိ - ဇုတ္တိသျှိ သုံးပါး၌ အဘယ်မျှလောက် အစွမ်းထက်မြက်မည်ကို အကဲခတ်ကြည့်နိုင်ပေသည်။

+ + +

## ပီယသျှိဖယောင်းရုပ်အစီအရင်

## စီရင်နည်း - စီရင်ဟန်

မြေဖယောင်း ငါးမတ်သားကို ယောကျ်ားရုပ် တစ်ရုပ် မိန်းမရုပ် တစ်ရုပ် လုပ်၍—

- ယောကျ်ားရုပ်၌ မိန်းမ၏ နံကိုလည်းကောင်း၊
- မိန်းမရုပ်၌ ယောကျ်ား၏ နံကိုလည်းကောင်း၊

အသီးအသီး ထည့်ရမည်၊ ပြီးလျှင် ယင်းအရုပ် နှစ်ရုပ်ကို ရင်ချင်း အပ်၍ အောင်ချည်နှင့် ရစ်ပတ်ရမည်။

ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် ( ၃၇ ) အုပ် ရွတ်ရမည်။

## ဂါထာ မန္တန်

ဥုံ ပဗိဝိးခဏ္ဍာ - မြင်ဘုကာ - ကျွန်းရပ်ဇီလာ - မကျူးသာ - ဆရာ ငါ့သို့ကပ်၊ ကပ်လော့စောစွာကပ်။

## အညွန်း

— ယင်းသို့ စီရင်ပြီးနောက် ယင်းအရုပ် နှစ်ရုပ်ကို အိပ်ရာအောက်၌ ထားပါ။

— မိမိ အလိုရှိသော မိန်းမ လာလိမ့်မည်။

— လာလျှင် လိုရာပြောပါ၊ ပြောတိုင်း အောင်မြင်လိမ့်မည်။

သို့သော် သူ့သားမယားကိုလည်း ရှောင်ပါ၊ သစ္စာလည်း ရှိပါစေ။

—

# ဆေးနှင့် ဆေးပင် အစီအရင်ကဏ္ဍ

အမြဲနှင့် နှမကိုပင် မကြည့်ရသော

လက်တွေ့ ပီယပုန့်ကူဆေး

စီရင်နည်း - စီရင်ဟန်

၁။ မိကျောင်းသည်းခြေ၊ ၄။ ကြွက်နက်မသည်းခြေ
၂။ နွားနက်သည်းခြေ၊ ၅။ ရှားစောင်းစေ့
၃။ ဆိတ်သည်းခြေ၊ ၆။ သပွတ်ခါးသီး

၇။ ဘူးခါးသီး

ယင်းဆေး (၇) မျိုးကို ဖျော်ပြီးလျှင် အဝတ်ပုဆိုး၌ လူး၍ နေပူလှန်းရမည်၊ ထို့နောက် ပျားရည်ရောသော ဆီခွက်၌ ထည့်၍ မင်ခံရမည်၊ ယင်းကို ရှိသေစွာ သိမ်း၍ထားရမည်။

အညွှန်း

— အသုံးပြုလိုသောအခါ ယင်း မင်ကို နဖူးတွင် မှန်ကူပြီးလျှင် အလိုရှိသော မိန်းမကို စေ့စေ့ကြည့်၊ မိမိအလိုရှိသမျှ ကိစ္စပြီး၏။

— ထိုသော် ဤဆေးကို မှန်ကူထားပါက မိမိ၏ အမိနှင့် နှမကိုပင် မကြည့်မိအောင် သတိပြု၍နေပါ။

ပီယမှန်ကူဆေး သက်သက်ဖြစ်သည်။ ' အမိနှင့် နှမကိုပင် စေ့စေ့မကြည့်ရသော ဆေးဖြစ်၍ သစ္စာလည်းရှိပါစေ၊ သူတစ်ပါး မယားကိုလည်း ရှောင်ကြဉ်ပါလေ ' ဟု မှာရင်းပေစာ၌ အထူး အမှာအထားရှိသည်။

\+ \+ \+

## လက်တွေ့ ပီယ သိဒ္ဓိခပ်ဆေး

စီရင်နည်း - စီရင်ဟန်

၁ - လမ်းကူး ပန်းသယ်မျိုး ဝတ်ဆံ

၂ - တောစိထိပ်ပန်း

၃ - ပဒိုင်းခတ္တာ အစေ့

၄ - ကြက်တူရွေး စကားတက်၏ ပျော့

၅ - မွေးရှူး လျှာ

၆ - ဖားပြုပ် သည်းခြေ

၇ - ယင် နှစ်ကောင်ပူး

ယင်းဆေး (၇) မျိုးကို ရေကန်ထဲကရေနှင့် ကြိတ်ရမည်။

ထို့နောက် ဘုရား - နတ်ကြီးစင် - သုသာန်-သုံးဌာနတွင် တစ်ဌာန တစ်ဌာန၌ အောက်ပါ ဂါထာမန္တန်ဖြင့် ( ၃၇ ) အုပ် စုတ်ရမည်။

ဂေါ်ထော်မန္တန်

ဥုံ မြင်းမိုရ်ပတ်ခြံ-သတ္တရဘန်တော်ဖ်ခြေ-နေသည့် ဆင်မင်း-မောင်ကား-ကြာစွယ်-မယ်ကား ဖက်ရွက်-မျက်ရည် စိုစို-စီးယို ဘွယ်ညောင်း-စီးသည့် မြောင်း သို-မယ်ကောင်း နှမ်းလျ-ဟာယ်... ဏျှန်မ၊ ထလည်း ငါသို့ ယိုင်၊ ထိုင်လည်း ငါသို့ ညွတ်၊ ချဉ်းဆရာချဉ်း-ကပ်ဆရာကပ်။

အညွန်း

- ယင်းဆေးကို အသုံးပြုလိုက မိမိ၏ရပ်သွေးနှင့် ရော၍ ခတ်ရမည်၊
- အစားအစာ-သောက်ရေ စသည်တို့၌ ခပ်နိုင်သည်၊
- ပီယသိဒ္ဓိ ခပ်ဆေးဟူသမျှ လက်ဖက်သုပ်၌ ထည့်၍ ခပ်ပါက ပိုမို ထိရောက်၍-ပိုမို အစွမ်းထက်မြက်သည်ဟု ဆရာများ အယူအဆ ရှိကြသည်။
- ပီယသိဒ္ဓိတွင် အတုမရှိ ခပ်ဆေးတည်း။

သို့သော် အတည်မယူဘဲ မကြုံပါနှင့်၊ ကာမေသုမိစ္ဆာစာရ ကိုလည်း ရှောင်ကြဉ်ပါလေ။

+ + +

## သူမ၏ အဝတ်ကို တိုရုံဖြင့် မိမိနောက် လိုက်လာသော လက်တွေ့ ပိယတိုဗေဒ အစီအရင်

### စီရင်နည်း - စီရင်ဟန်

နွားမမွေးသောအခါ နွားငယ်၌ကပ်ပါလာသော အိတ်ကို မိခင်နွားမကြီး မနမ်းမီ တစ်ကိုယ်လုံး ခြစ်၍ ယူပြီးလျှင် အခြောက်လှန်း၍ ထားရမည်၊ ထို့နောက်—

| | |
|---|---|
| ကတိုး | နံ့သာနီ |
| ဖိုးမသိန် | စပါးကြီးသည်းခြေ |
| ကရမက် | ပဒိုင်းခံတွား ပဥ္စငါးပါး |
| နံ့သာဖြူ | နွားကျင်ငယ်ရေ ( တစ်လေး ) |

နန္ဒင်းမှုန့် ( တစ်လေး )

ဤဆေးစုနှင့် ရော၍ ကြိတ်ပြီးလျှင် အတောင့် လုပ်ထား ရမည်။

### အညွှန်း

— ယင်းဆေးကို သွေး၍ လက်ဝါးမှာ သုတ်ပြီးလျှင် အလိုရှိသော မိန်းမ၏ အဝတ်ကို သုတ်၊ သို့မဟုတ် တို့ပါ၊ ယင်းမိန်းမ မိမိထံ လာလိမ့်မည်၊ လာလျှင် လိုရာကို ပြော၊ ပြောသမျှ အောင်မြင်၏။

— မယုံ၍ စမ်းလိုလျှင် ယင်းဆေးကို လက်ဝါးမှာ သုတ်ကိမ်း၍ နွားမကို ကိုင်လျှင် ယင်းနွားမ မိမိ ထံသို့ လိုက်လာလိမ့်မည်၊ မယုံလျှင် စမ်းကြည့်လေ။

ဤအစီအရင်၌ ဂါထာမန္တန် စုတ်ရန် မလိုပေ၊ သို့သော်လည်း အတည်မယူဘဲနှင့် ဤဆေးကိုမသုံးပါနှင့်၊ သူတစ်ပါး မယားကိုလည်း ရှောင်ကြဉ်ပါ။

\+ \+ \+

## အိမ်ကို ကျက်သရေရှိစေ၍ လိုအင်ဆန္ဒ ပြည့်ဝစေနိုင်သော

## ချမ်းသာကြီး ဂမုန်းစိုက်ပျိုးနည်း အစီအရင်

### စီရင်နည်း - စီရင်ဟန်

ချမ်းသာကြီးဂမုန်းကိုဝိဇ္ဇာယာနပညာ အစီအရင်ဖြင့် စိုက်ပျိုး လိုပါက ငွေပြား၌ ဖေ ခေါက်ပါပုံစံအတိုင်း အင်းကွက်ချရမည်။




(၃၂)

ယင်းသို့ အင်းကွက် ချပြီးနောက် ပုံတွင် ပြထားသည်အတိုင်း—

ပဌမ — ဘေး လေးကွက်၌ 'ငှ-က-သ-ဥ' ကို ရေးသွင်းရမည်။

ဒုတိယ — အလယ်ကွက်၌ 'စ-ခ-ဗ-ဝ' ဝမ (၄) လုံးကို ရေးသွင်းရမည်။

တတိယ — 'သိဒ္ဓိ မဟာသုခံ နမော ဗုဒ္ဓါယ ဥမ်' ကို အရံ ဂါထာအဖြစ်ဖြင့် ရံရမည်။

စိုက်ပျိုးသောအခါ စိုက်ပျိုးမည့် အိုးတွင် ယင်းငွေပြားကို အောက်မှခံ၍ အထက်ပါ အရံဂါထာကို(၉)ကြိမ် ရွတ်ဆိုပြီး စိုက်ပျိုးရမည်။

နေ့စဉ် ရေလောင်းသောအခါ၌လည်း ယင်းအရံဂါထာ မန္တန်ကို ရွတ်ဆိုပြီး ရေလောင်းရမည်။

အညွှန်း

— ချမ်းသာကြီးဂမုန်းကို အစီအရင်နှင့် စိုက်ပျိုးထားပါက နေရေး-ထိုင်ရေး-ပေါင်းသင်းဆက်ဆံရေးမှ စ၍ အစစအရာရာ အဆင်ပြေမည်။

— ကိုယ်ရော စိတ်ပါ ချမ်းသာသုခနှင့် ပြည့်ဝမည်။

— အိမ်ကို ကျက်သရေရှိစေ၍ လိုအင်ဆန္ဒ ပြည့်ဝမည်၊ ဟူသမျှနှင့် အခြေအနေအရ ပြည့်စုံမည်။

— စိုက်ပျိုးသူ၏ ကိုယ်ကျင့် သိက္ခာအား လျော့စွာ ကိုယ်စိတ်ချမ်းသာခြင်းကို လည်းကောင်း- စီးပွား ဥစ္စာ တိုးတက်ခြင်းကို လည်းကောင်း ပေးဆောင် တတ်သည်၊

'ချမ်းသာကြီးဂမုန်း' ဟူသော အမည်ကို ကြားလိုက်ရုံ ဖြင့်ပင် မည်သည့်အကျိုး အာနိသင်ကို ပေးမည့် ဂမုန်း ဖြစ် ကြောင်း သိသာ ထင်ရှားလှပေသည်။

အိမ်၌ စိုက်ပျိုးထားသင့်သော ဂမုန်းပင်တည်း။

\+ \+ \+

အထိတ်ဆိုး-နိမိတ်ဆိုး

မကောင်းကျိုးမှန်သမျှနှင့် မတွေ့ရသော

**မဟာပြာ ပေါင်းချုပ်ဆေး အစီအရင်**

စီရင်နည်း - စီရင်ဟန်

ဤ'မဟာပြာပေါင်းချုပ်ဆေး'ကို နှစ်ဖက်မြင် ကမ္ဘတ်-နက္ခတ်-သိဒ္ဓိစုတ်ကြိုက်-အင်္ဂါနေ့ ဆွမ်းခံဝင်ချိန်၌ စီရင်ရမည်။

၁။ သဇဝ်ဥ — ၃-၃

၂။ ကြာမျိုးငါးပါး တစ်ပွင့်စီ၏ — ဝတ်ဆံ

၃။ ခနမင်းဂမုန်း — ၃ ပဲ
၄။ လမင်းဂမုန်း — ။
၅။ မိုးမင်း — ။
၆။ နန္ဒင်းမင်း — ။
၇။ ကျွမ်းစားဂမုန်းနွားကျွဲ — ။
၈။ ကိုယ်ရံကြီး — ။
၉။ ဝဏ္ဏဝါနီ — ။
၁၀။ ဂမုန်းရှန်လွှတ် — ။
၁၁။ ဂမုန်းကတိုး — ။
၁၂။ ကတိုးစစ် — ၁ ပဲ

ဤဆေး အားလုံးကို အသင့် စုထားရမည်။ ပြီးလျှင်—

— သတ္တဌာနမြေ ရလျှင်ရ - မရလျှင် မဟာဗောဓိ
အစစ်ပေါက်ရာ အပင်ရင်းမှ မြေ — ၉ ပဲ
— နဂါးမြေ — ၉ ပဲ
— သိမ်နိမိတ်သတ် ကျောက်တိုင်
များ၌ ကပ်နေသော ရေညှိ — ၉ ပဲ

ဤဆေး အားလုံးကို အသင့် စုထားရမည်၊ ထို့နောက် ဗောဓိညောင်ရွက် ၂၄ - ရွက်တွင်—

— ဘုရားဂုဏ်တော် ( ၉ ) ပါး - တစ်ပါး
တစ်ရွက်စီ ရေး

၃။ ဓနမင်းဂမုန်း — ၃ ပဲ
၄။ လမင်းဂမုန်း — ။
၅။ မိုးမင်း — ။
၆။ နန္ဒင်းမင်း — ။
၇။ ကျွမ်းစားဂမုန်းနွားကျွဲ — ။
၈။ ကိုယ်ရံကြီး — ။
၉။ သတ္တာနီ — ။
၁၀။ ဂမုန်းရှန်လွှတ် — ။
၁၁။ ဂမုန်းကတိုး — ။
၁၂။ ကတိုးစစ် — ၁ ပဲ

ဤဆေး အားလုံးကို အသင့် စုထားရမည်။ ပြီးလျှင်—

— သတ္တဌာနမြေ ရလျှင်ရ - မရလျှင် မဟာဗောဓိ
အစစ်ပေါက်ရာ အပင်ရင်းမှ မြေ — ၉ ပဲ
— နဂါးမြေ — ၉ ပဲ
— သိမ်နိမိတ်သတ် ကျောက်တိုင်
များ၌ ကပ်နေသော ရေညှိ — ၉ ပဲ

ဤဆေး အားလုံးကို အသင့် စုထားရမည်၊ ထို့နောက်
ဗောဓိညောင်ရွက် ၂၄ - ရွက်တွင်—

— ဘုရားဂုဏ်တော် ( ၉ ) ပါး - တစ်ပါး
တစ်ရွက်စီ ရေး

— တရားဂုဏ်တော် ( ၆ ) ပါး - တစ်ပါး
တစ်ရက်စီ ရေး

— သံဃာ့ဂုဏ်တော် ( ၉ ) ပါး - တစ်ပါး
တစ်ရက်စီ ရေး

ယင်းအဓိဋ္ဌာန်ချက်များကို ပြာချရမည်၊ ယင်းပြာများကို [illegible] စုထားရမည်၊ ပြီးလျှင် မှိုင်းကိုင်စက္ကူတွင်—

— ရတနသုတ် ကို ရေး - ပြာပွ
— မေတ္တာသုတ်ကို ရေး - ပြာပွ
— အာဋာနာဋိယသုတ်ကြီးကို ရေး - ပြာပွ
— မဟာသမယသုတ်ကို ရေး - ပြာပွ
— ၂၄ - ပစ္စည်း ကို ရေး - ပြာပွ
— သမ္ဗုဒ္ဓေကို ရေး - ပြာပွ
— သရဏဂုံသုံးပါးကို ရေး - ပြာပွ
— ရတနာရွှေချိုင့်ကို ရေး - ပြာပွ
— အတွင်းအောင်ခြင်း, အပြင်အောင်ခြင်းကို ရေး- ပြာပွ၊
— အာဝေဏိကဂုဏ်တော်ကို ရေး - ပြာပွ။

ဤဆေး အားလုံးပြည့်စုံလျှင် အထက်ကဖော်ပြထားသော အင်္ဂါနေ့ ဆွမ်းခံဝင်ချိန်၌ ဤဆေး အားလုံးကို ကြိတ်ရမည်။

ဆေးကြိတ်ရမည့် နေရာမှာ သိမ်အတွင်း ဘုရားရှေ့ ဖြစ်သည်၊ ဘုရားရှေ့တွင် ဆွမ်း - ရေချမ်း - သစ်သီးမျိုးစုံ ဆက်ကပ် လှူဒါန်းပူဇော်ပြီးမှ ကြိတ်ရမည်။

ယင်းသို့ ဆေးကြိတ်နေစဉ် ဆေးကြိတ်သူကလည်း ဝတ်ဖြူစင် ဝတ်ထားရမည်၊ အနီးမှ အခြား တစ်ယောက်ကလည်း - ဂုဏ်တော် ဖြူစင်ဝတ်၍ ပြာဖြူရသော ဂုဏ်တော်-သုတ်တော်-ပရိတ်တော် အားလုံးကို ရွတ်ဖတ် နေရမည်၊ ဆေးကြိတ်၍ မပြီးခင်- ဆေးကြိတ်ခြင်းကို ရပ်မထားရပေ။

ဆေးကြိတ်၍ ပြီးလျှင် အောက်ပါ သိဒ္ဓိတင်သော ဂါထာ တော်ကြီးနှင့် ( ၁၀၈ ) ကြိမ် သိဒ္ဓိတင်ရမည်။

## သိဒ္ဓိတင် ဂါထာ

ဥုံ နမော ဗုဒ္ဓါယ သိဒ္ဓံ၊ နကာရေ ကကု - သန္ဓော မဟာသိဒ္ဓိ၊ မောကာရေ ကောဏာဂမနော မဟာသိဒ္ဓိ၊ ဗုကာရေ ကဿပေါ မဟာသိဒ္ဓိ၊ ဒ္ဓါ - ကာရေ ဂေါတမော မဟာသိဒ္ဓိ၊ ယကာရေ အရိ - မေတ္တေယျာ မဟာသိဒ္ဓိ၊ သိဒ္ဓိ ယျ ဗု မောန၊ အာဒိ- ကပ္ပေ ပဥ္စပဒုမာ ပဥ္စဗုဒ္ဓါ ဘဝန္တိ၊ ဇာတိ သိဒ္ဓိ ကိစ္စံ၊ သိဒ္ဓိ ကမ္မံ၊ မဟာနုဘာဝံ၊ မဟိဒ္ဓိ သိဒ္ဓိမဟောသဓံ၊ ပဥ္စဗုဒ္ဓါနုဘာဝေန သဗ္ဗကမ္မာနိ သိဒ္ဓါ ဘဝန္တု၊ သော ဥတ္တမံ။

ထို့နောက် ဆီဒိုးတင်ပြီး ဆေးတောင့်ကို နံ့သာကြုတ်နှင့် ထည့်၍ နေ့စဉ် ပန်း ဆီမီး ပူဇော်ရမည်။

အညွှန်း

- သွားလေရာ၌ ကြုတ်တွင် အနည်းငယ်မျှ ထည့်၍ လည်ပင်း၌ဆောင်ပါက အန္တရာယ်ရှိသောခရီးပင် ဖြစ်သော်လည်း အန္တရာယ်ကင်းရမည်။
- မကောင်းသော အနိဋ္ဌဖလ ကြမ္မာဆိုး ဂြိုဟ်ဆိုး များ မကပ်ရောက်-မနှိပ်စက်နိုင်၊ ရန်သူမျိုးဟူသမျှ ကင်းမည်။
- လူခပ်သိမ်းတို့ မြှတ်နိုးခြင်း-မင်းစိုးရာဇာ တို့၏ အလေးဂရု ပြုခြင်းကို ခံရမည်။
- ဘုန်းကျက်သရေ တန်ခိုးတို့ တိုးတက်မည်၊ စီးပွား ဉစ္စာ ရတနာ ရွှေ ငွေ ဆန်ရေစပါး ပွားများ တိုး တက်မည်။
- ဒုဋ္ဌိမိတ်မျိုး - ငှက်ဆိုး လင်းယုန် - ပါပ အဟိတ်-တိဘ္ဘုံ မကောင်း - အကြောင်းကြီးငယ် - ကင်းစင် ပပျောက်မည်။
- မကောင်း အိပ်မက်-ဖုတ်တက် တစ်မျိုး - ခေါင်မိုး ခွေးတက် - တောငှက် သားရဲ - မွှားစွဲ အစ အဝဝ အတိတ်ဆိုး-ကြွလာနိုးလည်း-ကောင်းကျိုး သာလျှင် ဖြစ်ရမည်။

- လယ်ကြွပ်း-ယာကြွပ်း-ဥပချာခဲ့ကြွပ်း-ပဒိဇ်ကြွပ်း-ဝေသကြွပ်းများနှင့်လည်း ဆေးအချိန်းမရှိ ပကတိ အနေအထားအတိုင်း ခနနိုင်ရမည်။

- တောင်ပို့ တစ်မျိုး - သိုက်ဆိုးတစ်ခေတ္တ - ရှိဗုံခေလကလည်း - များတွေ ဆေးဖော် - ရန်မာန် ကင်း ပျောက်ကာ ဗီးပွား ရောက်ရမည်၊ ဗီးပွားတက်ရမည်။

- ဖုတ်ပြိတ္တာမျိုး-နတ်ဆိုး အစ-ဘုမ္မ ရုက္ခ-ဒေဝါယက္ခ - ဟူသမျှလည်း - ပါပ နိမိတ် - အရိပ်မပြု-ကြည့်ရှုစောင့်ရှောက်ခြင်း ခံရမည်။

- ကာကနိ, ဘာကနဲ - ဇော်ဂနဲ, ဇော်ဂနိ - ကဝိကဇေ-များတွေ စုန်းမျိုး-ဖုတ်ဆိုး ဘီလူးကြွပ်း-အောက်လမ်း လက်ဝဲ-ခေါ်မြဲတစ်သွယ်-ဖုတ်လေးဆယ် - မှော်ဝင်း - ထို့ပြင် တွင်းအောင်း - ထဘီ ပေါင်း ထဘီဦး-လုံးစုံပြုမျိုး-တိုက်မျိုး ခွဲခြား-တလား ကြီးငယ်-တစ်သွယ် လောင်တိုက်-လောင်မီးမှိုက်တစ်ဖြာ-သေလာ မရဏ-ပါဒမြေကောက်-နံလော့က် ရုပ်ထား - ဘုရားစောက်ထိုး-အင်းမျိုးကခြား - ဆေးဝါးတစ်ဖုံ - လုံးစုံပြုသမျှ - ပါပ ညစ်ကျူး-မကောင်းစုလည်း-ဝေးစွာ-ဒူရေ-ရှောင်ဖွဲ့လေရမည်။

– ဥမ္မတ္တက အရူးအမျိုးမျိုး–သွေးပင်း–လေပင်း–အစာပင်း–အစာမိ–ခပ်ဆေးမိ–အမှောင့်ပယောဂ ဖမ်းခြင်း အမျိုးမျိုးတို့ကိုလည်း 'ဆေးကောင်းလျှင် သန်းခေါင်' ဆိုသည့်အတိုင်း ဤဆေးကို အနည်းငယ် တိုက်ကျွေးရုံမျှဖြင့် ကင်းစင်ပျောက်ရမည်။

ဤအညွှန်းမှာ အကျဉ်းမျှသာ ရှိသေးသည်၊ ဉာဏ်ရှိလျှင် ဉာဏ်ရှိတိုင်း–အကြောင်းကိစ္စ အလိုက်–ရောဂါ ဝေဒနာ အလိုက်–တိုက်ဆိုင်အောင် အသုံးပြုတတ်က အသုံးပြုတတ်သလောက် အနန္တခရီးရောက်သော ဆေးထူး ဆေးကျော် ဖြစ်ပေသည်။

—

ရှင်မြတ်–အင်းမြှပ်–သူခိုး–ဓားပြ ဘေးရန်များကို ကာကွယ်ပေးသော

ရှင်သူငယ်ကြီးပင် စိုက်ပျိုးနည်း အစီအရင်

မသိသူကျော်သွား–သိသူဖော်စား

ရှင်သူငယ်ကြီးပင်ကို 'ကိုရှင်ကြီးပင်' ဟုလည်းခေါ်ကြသည်။ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် ဒေသများတွင် လတာဖြင့် ပေါက်သော အလေ့အကျပေါက်တတ်သော အပင်မျိုးဖြစ်၍ မြစ်ဝကျွန်းပေါ် အရပ်ဒေသ၌ နေထိုင်ကြသူများ တွေ့ဖူး မြင်ဖူးနေကြသည်။

သို့သော် ‘ရှင်သူဌေးယ်ကြီး’ ခေါ် ‘ကိုရှင်ကြီးပင်’ ကို ဝိဇ္ဇာယနပညာ အစီအရင်ဖြင့် စိုက်ပျိုးနည်းကိုမူ သိရှိသူ နည်းပါးကြသည်။

ထို့ကြောင့်လည်း ‘မသိသူကျော်သွား - သိသူဖော်စား’ ဟု ရှေးသူဟောင်းတို့ ဆိုထုံးစကားတစ်ခု ပြုထားရစ်ခဲ့ကြခြင်း ဖြစ်သည်။

## စီရင်နည်း - စီရင်ဟန်

ရှင်သူဌေးယ်ကြီး ခေါ် ကိုရှင်ကြီးပင်ကို ဝိဇ္ဇာယန အစီအရင်ဖြင့် စိုက်ပျိုးလိုပါက ဒွေပြားကွင်း အောက်ပါအတိုင်း အင်းကွက်ချ၍ ‘ဗ - သ - ခ - ရ’ ဟူသော အက္ခရာလေးလုံးကို အင်းဆန်အဖြစ် ရေးသွင်းရမည်။

| | | | |
|---|---|---|---|
| | ဗ | ရ | |
| ခ | သ | ဗ | သ |
| ရ | ခ | ရ | ဗ |
| | သ | ခ | |

(၂)

ထို့နောက် ယင်းအင်းကို အောက်၌ခံပြီးမှ ကိုရှင်ကြီးပင်ကို စိုက်ပျိုးရမည်၊ ရေလောင်းပြီး စိုက်ပျိုးရမည်၊ ရေလောင်းရင်း

စိုက်ပျိုးနေစဉ် အောက်ပါ ဂါထာမန္တန်ကို ( ၁၀ ) ခေါက် ရွတ်ဆိုရမည်။

ဂါထာမန္တန်

ဩ သိဒ္ဓံ နမော ဗုဒ္ဓါယ၊
ပရမ္ပယောဂါ သဗ္ဗန္တရာ ဝိနသန္တိ။

ဩ သိဒ္ဓံ ကိတ္တိဝေဒံ
စတုဓာတု ပသိဒ္ဓံ သွာဟာ။

စိုက်ပျိုးပြီးနောက် နေ့စဉ် မှန်မှန် ရေလောင်းရမည်၊ ရေလောင်းတိုင်း အထက်ပါ ဂါထာမန္တန်ကို ( ၃ )ခေါက် ရွတ်ဆို၍ ရေလောင်းရမည်။

အညွှန်း

— ဤ ရှင်သူယော်ကြီး ခေါ် ကိုရှင်ကြီးပင်ကို စိုက်ပျိုးထားပါက မိမိအား မလိုလားသူများ ရုပ်မြှုပ်-အင်းမြှုပ်-ရုပ်ထား-နာမ်ထားမှု စသည့် မကောင်းကြံသမျှ မိမိအား မထိခိုက်နိုင်ပေ။

— သူခိုး ဓားပြတို့၏ ခိုးမှု-တိုက်မှု- ဟူသမျှမှ လွတ်ကင်းမည်၊ လွတ်မြောက်မည်။

— အသက်စည်းစိမ်, ဥစ္စာစည်းစိမ် ၂-မျိုးလုံးအတွက် အမြဲတမ်း အကာအကွယ်ပေးနေမည်။

- မိမိ ကြံစည် လုပ်ကိုင်သည့်အတိုင်း အဘက်ဘက်မှ အောင်မြင်မည်၊ ပစ္စည်းဥစ္စာ တိုးတက်မည်၊ ကြီးပွားမည်။
- ဂုဏ်သတင်း ထင်ပေါ် ကျော်ကြားမည်၊ အကြီးအကဲ ဖြစ်မည်။

ဆိုသော် မိမိဘက်မှ ကိုယ်ကျင့်တရား ရှိနိုင်သမျှ ရှိထားဖို့ကိုတော့ သတိပြုပါ၊ မိမိအနေဖြင့် ကိုယ်ကျင့်တရား ရှိလေ အထက်ပါ အကျိုးများ ရရှိနိုင်လေဖြစ်မည်။

\+ \+ \+

မယုံကြည်နိုင်လောက်အောင်
အစွမ်းထက်မြက်လှသော
နာနာရုပ်ဆေး အစီအရင်
စီရင်နည်း - စီရင်ဟန်

၁။ မိကျောင်းသည်းခြေ
၂။ ငပါးကြီးသည်းခြေ
၃။ ဖားပြုပ်ကောင်လုံး
၄။ ကြွက်စုတ်ကောင်လုံး
၅။ အိမ်မြှောင်ကောင်လုံး
၆။ လေပွေလွင့်သစ်ရွက်
(မြေမကျမီ ဖမ်းရ၍ယူ)

၇။ ရေထဲမှာ ဆောင်း၍ မျောလာသော တုတ် (အဝတ်အစားမချွတ်ဘဲ လက်ပစ်ကူး၍ ဆယ်)

၈။ လူရိုး

၉။ ကျွဲရိုး

၁၀။ ဆင်ရိုး

၁၁။ မြင်းရိုး

ဤဆေး(၁၁)မျိုးကို ကျောက်ပြင်တွင် ကျောက်ခဲနှင့် ကြိတ်ပါ၊ ထို့နောက် ဝါးကျည်တောက်နှင့် ထည့်ထားရမည်။

ဤ နာနာစုပ်ဆေး အစီအရင်၌ ဂါထာမန္တန် စုတ်ရန်မလိုပေ။

အညွှန်း

— မန်ကျည်းရွက်ကို ဤဆေး သုတ်၍ ကြဲလျှင် မန်ကျည်းရွက်များ ပိုးကောင်ဖြစ်၍ ပျံလိမ့်မည်။

— မိမိလက်တွင် ဖြစ်စေ, ခြေထောက်တွင် ဖြစ်စေ, တစ်နေရာရာမှာ ဤဆေး သုတ်၍ထားပါ၊ တစ်စုံတစ်ယောက်က လာ၍ ဆဲလျှင် ယင်းဆေး သုတ်ထားသော နေရာမှ လက်-သို့မဟုတ် ခြေထောက် ပြုတ်ပါလာသည်ဟု ထင်ရလိမ့်မည်။

— နို့ကို လိုရာ အရုပ် ပုံသဏ္ဌာန် ယက်၍ ဤဆေးကို သုတ်ထားပါက အရုပ်ဟု ထင်မှတ်ရလိမ့်မည်။

— ကိုးနွတ်ခမ်း ယက်လည်တွင် ဤဆေး သုတ်ထား ပါက ရေ၌ နှစ်သော်လည်း ရေမဝင်နိုင်ပေ။

ဤကား နမူနာမျှသာ ပြလိုက်ခြင်းဖြစ်သည်၊ ဉာဏ်ရှိသမျှ ချဲ့ထွင် သုံး၍ရသော နာနာရုပ်ဆေးတည်း။

— —

ရှုန်းပယောဂ, နတ်ပယောဂ နှင့် အပင်း

တုသမျှ မပြုလုပ်နိုင်သော

**နတ်ကြီးငါးပါး ဆေးအစီအရင်**

စီရင်နည်း - စီရင်တန်

၁။ သက်ရင်းကတိုး ၃။ ကတိုးခြောင်သို

၂။ ကျွဲနက်ကတိုး ၄။ သာတိုးစစ်

ယင်းဆေး ( ၄ ) မျိုးကို လွှာ၍ ထားပါ။

ထို့နောက် နတ်စင်တင် နတ်အိုး ငါးလုံးကို တစ်လုံးလျှင် မန်းညို ( ၇ ) ညွန့်စီ စိုက်ရမည်၊

ထို့နောက် နှုတ်စင်ရွှေ့၍—

— ဖျာခင်း၍

— ဖျာပေါ်၌ သင်ဖြူးခင်းပြီးလျှင်

— သင်ဖြူးပေါ်တွင် ဖျင်ဖြူ

— ဖျင်ဖြူပေါ်တွင် ဖျင်ခင်းပြီးနောက်

— ထမင်းဖြူ - အင်းဖြူ - အစုံ အလစ်ကို ဒေါင်းပန်း ငါးချပ်၌ ထည့်၍ ပွဲငါးပွဲဖြစ် ရမည်။

နတ်အိုးငါးလုံးတွင် တစ်လုံး တစ်လုံး၌ လက်ယာဘက်မှ စ၍ အစဉ်အတိုင်း—

— သုပိန္နဓေဝါ — မဟာပိန္နဲ

— စန္ဒီဒေဝါ — ဂေါရမန္တ

— သူရဿတီ

ဟူ၍ တစ်လုံးစီ ရေးရမည်၊ ပြီးလျှင် ပွဲငါးပွဲတွင် တစ်ပွဲ တစ်ပွဲလျှင် ရွှေဖယောင်းတိုင် တစ်တိုင်၊ ငွေဖယောင်းတိုင် တစ်တိုင် ပေါင်း ဖယောင်းတိုင်နှစ်တိုင်စီ ထွန်းရမည်။

ထို့နောက် နံ့သာ ငါးပါးရည်နှင့် ပက်ဖျန်းပြီးလျှင် အောက်ပါ နတ်ပင့် ဂါထာမန္တန်ကို (၇) အုပ် ရွတ်ဆိုကာ နတ်ကြီးငါးပါးကို ပင့်ခေါ်ရမည်။

## နတ်ပင့် မန္တန်

ဗြောဝင်း ဒေဝဒေဝယီ ညာဏ်၊ နာနာဒေဝ၊
သဗ္ဗပတ္တရ သဗ္ဗသာဝံ ဟေ ဟေ၊ တုဋ္ဌတု တုဋ္ဌတု၊
မဟာဒေဝါ သုခါယ လာဘ်၊ ဘဝန္တုတေ။

ယင်းသို့ နတ်ကြီးငါးပါးကို ပင့်ခေါ်ပြီးလျှင် ကျောက်ပြင်၌ အထက်ပါ ဆေးများကို ပန်းနံ့သာရည်ဖြင့် ကြိတ်ရမည်။

ထို့ပြင် နတ်အိုး၌ စိုက်ထားသော ပန်းညို (၇) ညွန့်စီကိုလည်း အားလုံးထည့်၍ ကြိတ်ရမည်၊ နတ်ရည်ပါ ထည့်ကြိတ်ရမည်။

ဆေးကြိတ်နေစဉ်အတွင်း အောက်ပါမန္တန်ကို (၇) အုပ် ရွတ်ဆို ကျူးရမည်။

## အကျူး မန္တန်

အို....နတ်ကောင်းလေးပါး၊ မျှားပြားသည့် ရှေ့ပုဗ္ဗာ၊ တောင်မှာ ဇမ္ဗူ၊ နောက်မူ အပရဂေါယာ၊ မြောက်မှာ ဥတ္တရကုရု၊ ကျွန်းလေးခုတွင်၊ ကျော်ထပေါက်ပြ၊ တေဇ ထွန်းပြောင်၊ တောတောင် ကြေးရေ၊ စောင့်လေသမျှ၊ မတွေ့မဆို၊ မဆိုကုန်နှင့် အုန်အုန် သီးသီး၊ နတ်ကြီး နတ်ငယ်၊ ကိုးကွယ်စရာ၊ လူတကာကို၊ ကမ္ဘာဦးစွန်း၊ တေဇာထွန်းသည်၊ တောင်

မြင်းမိုရ်နှင့် တောင်ညို သတ္တရဘန်၊ တောင်စဉ့် ခုနစ်ထပ်၊ နွံ့စပ်သီဘာ၊ သမုဒ္ဒရာလေးစင်း၊ ဇုံငိဇင်းမကြွင်း၊ မြစ်မင်း ငါးသွယ်၊ မြစ်ငယ် ငါးချောင်း၊ အပေါင်းစောင့်တတ်၊ ရှစ်နတ်မြတ်ကို- ထား၍ မ,စေသောပ်။

ဥုံ သူရဿတီနတ်- အလွန်လှဘိ၊ သိရိ မြတ်လှ၊ ထွန်းပ ညိုစင် မိသခင်....သက်ပေဆရာ သက်စေ၊ လျှင်ပေဆရာ လျှင်စေ၊ ဥုံ အနန္တ သချေ၊ နတ်ဖြစ်စေသည်၊ လေးပြင် စောင့်သည်၊ အောင်မြင်စေ၊ လူမင်းဖျက်လည်း- မပျက်စေရ၊ နတ်မင်းဖျက်လည်း-မပျက်စေရ တိုး၍ဆောင်သည်-အောင်လျှင်စေ၊ အောင်လျှင်စေ။

ယင်းသို့ ကြိတ်ပြီးနောက် ယင်းဆေးကို အတောင့် ပြုလုပ်၍ ရှေ့ချထားရမည်။

ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် (၁၇)အုပ်ထပ်၍ စုတ်ရမည်။

## ဂါထာမန္တန်

ဥုံ ဇမ္ဗူဒီပါ၊ ကျွန်းအောင်ချာတွင်၊ သချာသချေ၊ များစွာ အနန္တ၊ နတ်ဒေဝတို၊ စောင်မကြည့်ရှု၊ အောင်ဆု ပေးရာ၊ မင်္ဂလာကို၊ ဒေဝါနတ်များ မ,စေသော်...။

ဆရာတော်ဇော်၊ အာနုဘော်နှင့်၊ ဘယ ရောဂါ၊ ရှင်းရှင်းကွာ၍၊ ချမ်းသာစေချင်၊ နတ်ရေစင်ဖြင့်- သွန်းစေသောဝ်....။

ကျွန်ုပ်တို့အား အကျိုး စီးပွား၊ ထင်ရှား ယာ၊ နတ်ဘို့ဆုဖြင့်၊ ယခုလျှင် စောင်မစေသောဝ်...။

ကျွန်ုပ်အား၊ ကြံတိုင်းလည်း အောင်၊ ဆောင်တိုင်း လည်းမြောက်၊ ထွန်းတောက် ဝင်းပြောင်၊ ကိုယ်တော် ရောင်ဖြင့်၊ မှိန်ဇော် တန်ခိုး - ကြီးစေသောဝ်။

ကြည့်လျှင် မမြင်၊ ဖမ်းလျှင် မမိ၊ ဓားကြိ၊ ဓာဇ၊ သဗ္ဗမှာလည်း၊ မျက်နှာ မြင်တိုင်း - ချစ်စေသောဝ်....။

ယေနတ် မီးပေါက်၊ အမြောက် စိန်ပြောင်း၊ ပြစ်ချ မြောက်လည်း၊ မရောက် ကိုယ်နှင့် - ဝေးစေသောဝ်။

အကောင်း မတန့်၊ ဟစ်တိုင်းတန့်၍၊ ကြောက်လန့် သူက - ပြေးစေသောဝ်။

မင်းဘေး ရေ မီး၊ ခိုးသူကြီးလည်း၊ မနီးဝေးက- ပျောက်စေသောဝ်၊

နတ်သည် နတ်သား၊ ခြွေရံများနှင့်၊ နတ်သား နတ်သံ နတ်မန္တန်နှင့်၊ ပြင်းထန် ခြိမ်းခြောက်- ပျောက်စေသောဝ်၊ အောင်ဇေယတု - အောင်ဇေ- ယတု။

အညွှန်း

– ရှုံးပယောဂ – တောပယောဂ – နတ်ပယောဂ– စသော ပယောဂဟူသမျှ ဤနတ်ကြီးငါးပါးဆေး ကို တိုက်ကျွေးရမည်။

– အပင်းရှစ်– အပင်းခြောက် – အစွဲ – အပူး– အကပ် အရူး – စသော ပယောဂမှန်သမျှ တိုက်လည်း တိုက်ပါ၊ နံ့သာရည်နှင့် ဖျော်၍လည်း သောက်ပါ၊ ဖျန်းပါ၊ ပက်ပါ။

ညာဏ်ရှိတိုင်း ဦးကျော် သုံးနိုင်သော အနန္တတန်ခိုးရှင် နတ်ကြီးငါးပါးဆေး အစီအရင်တည်း။

\+ + +

## သက်တမ်းရှည်အောင် အသက် ရှည်စေနိုင်သော

## ရှင်သူငယ်ငှက်ပျော စိုက်ပျိုးနည်း အစီအရင်

### ရိုးရိုးစိုက်ပျိုးခြင်း —

### အစီအရင်နှင့် စိုက်ပျိုးခြင်း

မြန်မာနိုင်ငံသည် ငှက်ပျောပင် ပေါများသော နိုင်ငံ ဖြစ်သည်၊ ထို့ကြောင့်လည်း သူငယ်စာငှက်ပျောကို လူတိုင်းလိုလို သိရှိကြသည်၊ ယင်းသူငယ်စာ ငှက်ပျောမှာ "ရှင်သူငယ် ငှက်ပျော" ကိုပင် ခေါ်ဆိုခြင်း ဖြစ်သည်။

သူငယ်စာငှက်ပျောကို သိရှိသူ များကြသော်လည်း ယင်း သူငယ်စာငှက်ပျောကို—

၁။ ဝိဇ္ဇာယာန အစီအရင်ဖြင့် အကျိုးပေးအောင် စိုက်ပျိုးတတ်သူ — နှင့်

၂။ ဂူဠ္ဌာသယအင်းနှင့် တွဲဖက်ကာ သူငယ်စာ ငှက်ပျောကို သုံးဆောင် မှီဝဲတတ်သူများ

ကတော့ ရှားပါးလိမ့်မည် ထင်သည်။

## သူငယ်စာ နှင့် တောငှက်ပျော

ဤ၌ သူငယ်စာငှက်ပျောမှာ တောငှက်ပျောနှင့် အနည်းငယ် ဆင်တူသဖြင့် ယင်း ၂-မျိုးကို မမှားအောင် သတိပြုဖို့လိုသည်။

— တောငှက်ပျောပင်မှာ ကျောရိုးစိမ်းသည်၊ အဖူး-အသီး-အခိုင်များ မိုးကို မမျှော်ဘဲ အောက်ငိုက်သည်။

— သူငယ်စာငှက်ပျော အစစ်မှာကား ကျောရိုး ညိုသည်၊ အဖူး - အသီး - အခိုင်များ မိုးမျှော်နေမည်၊ အသီးသီးသောအခါ အသီးခိုင်၌ အာယုဝဍ္ဎန ပေါက်သော အသီး တစ်လုံး အမြဲ ပါရှိနေသည်။

## စီရင်နည်း - စီရင်ဟန်

သူငယ်စာ ငှက်ပျောပင်ကိုဝိဇ္ဇာယာနအစီအရင်ဖြင့်စိုက်ပျိုး လိုပါက ငွေပြားတွင် အောက်ပါ အတိုင်း အင်းကွက် ချ၍ ‘ဋ-က-ဘ-ဒ’ ဟူသော အက္ခရာလေးလုံးကို အင်းဆန်အဖြစ် ဖြင့် ရေးသွင်းရမည်။

| | | | |
|---|---|---|---|
| | ဣ | ဥ | |
| သ | က | ဣ | က |
| ဥ | သ | ဥ | ဣ |
| | က | သ | |

(၁)

ယင်းအင်းကို အောက်၌ ခံထားပြီးမှ သူငယ်စာငှက်ပျော ပင်ကို စိုက်ပျိုးရမည်။

ယင်းသို့ စိုက်ပျိုးပြီးနောက် အောက်ပါ ဂါထာမန္တန်ကို (၇)အုပ်ရွတ်၍ ရေလောင်းရမည်။

ဂါထာ မန္တန်

သီဝေ ပတိဋ္ဌိတော နေသိ၊
ဗုဒ္ဓေါ ဓမ္မော ဒွိလောစနေ။
သံဃော ပတိဋ္ဌိတော မယှံ၊
ဥရေ သဗ္ဗဂုဏာ ကရော။

ရေလောင်းတိုင်း ယင်းဂါထာကို ရွတ်ဆို၍ လောင်းရမည်၊ သို့မဟုတ် ရတနာ့ရွှေချိုင့်ဂါထာများကို ရွတ်ဆို၍လည်း ရေ လောင်းနိုင်သည်။

သို့သော် လောင်းသောရေမှာ မသန့်ရှင်းသော ရေမဖြစ်ဖို့ တော့ သတိပြုပါ။

အညွှန်း

- ဤဝိဇ္ဇာယန အစီအရင်ဖြင့် စိုက်ပျိုးပါက စိုက်ပျိုး ရုံဖြင့်ပင် 'ဣစ္ဆာသယ ငှက်ပျောပင်' အဖြစ်ဖြင့် မိမိ အလိုရှိသော အကျိုးများ ရရှိ ခံစားရလိမ့်မည်။
- အသီးသီးသော အခါ ယင်းအသီးကို ပျားရည်၌ စိမ်၍ဖြစ်စေ - ထောပတ်, ဆီ, ဆီဦး, တင်းလဲတို့နှင့် ကျိုချက်၍ ဖြစ်စေ၊ ရတနာ့ရွှေချိုင့် ဂါထာများကို (၁၀၈)အုပ် စုတ်၍ သုံးဆောင်ပါက အာယုဝဍ္ဍန ကိန်းသော အသက်ရှည်စေနိုင်သည်၊ အကယ်၍ ရတနာ့ရွှေချိုင့်ဂါထာများကို မရပါက အထက်ပါ ဂါထာနှင့်ပင် ( ၁၀၈ )အုပ် စုတ်၍ သုံးဆောင် နိုင်သည်။
- အာယုဝဍ္ဍနမှ စ၍ ဣစ္ဆာသယ အကျိုးအနန္တ ရရှိ နိုင်သော ရှင်သူငယ် ငှက်ပျောပေတည်း။

မစိုက်ပျိုးကောင်းသော အရပ် — နှင့်

မစိုက်ပျိုးကောင်းသော မြေ

ယင်း ရှင်သူငယ်ငှက်ပျော ခေါ် သူငယ်စာ ငှက်ပျောကို စိုက်ပျိုးသော အခါ—

— အိမ်၏ အနောက်မြောက်ထောင့် အရပ်

— အိမ်၏ တောင်ဖက် အရပ်

— အိမ်၏ မြေရင်းဖက် အရပ်

— အိမ်၏ နောက်ဖေးဖက် အရပ်

တို့၌ လုံးဝမစိုက်ပျိုးရပေ၊ လုံးဝစိုက်ပျိုးမကောင်းပေ၊ အိမ်ဦး ကျရာ အရပ်၌သာ စိုက်ပျိုးရမည်၊ အကယ်၍ အိမ်ဦးသည် တောင်အရပ် ဖြစ်နေပါက အိမ်၏မျက်နှာဖက်၌ စိုက်ပျိုးရမည်။

စိုက်ပျိုးသောအခါ၌လည်း မြေကို ကုန်းမြင့်သဖွယ် ဖြစ်အောင် အနည်းငယ်မျှ ဖို၍ စိုက်ပျိုးရမည်။

ထို့ပြင် ရေလောင်းစဉ် အခါက မသန့်ရှင်းသော ရေနှင့် မလောင်းရသကဲ့သို့ စိုက်ပျိုးသောအခါ၌လည်း မသန့်ရှင်း သော မြေ၌ မစိုက်ပျိုးမိအောင် – မသန့်ပြန့်သော မြေများ ရောထွေး မပါအောင် သတိပြုပြီး စိုက်ပျိုးကြဖို့ လိုပေသည်။

သို့မှသာလျှင်အထက်ကဖော်ပြထားသော အညွှန်းအတိုင်း အကျိုးများ ရရှိနိုင်ပေလိမ့်မည်။

## စာရေးသူ၏ ကိုယ်တွေ့ ဖြစ်ရပ်

စကားစပ်မိသဖြင့် ဤစာရေးသူ၏ ကိုယ် တွေ့ ဖြစ် ရပ် တစ်ခုကို ဖော်ပြရဦးမည်။

ကျွန်တော်နှင့် သိကျွမ်းသူ ရန်ကုန်မြို့ သီတင်းသုံးတော်မူသော ဆရာတော်ကြီးတစ်ပါးရှိသည်၊ ယင်းဆရာတော်ကြီးမှာ ကျွန်တော်နှင့် ငယ်စဉ်ကပင် သိကျွမ်းခဲ့၍ ယခု သက်တော် ၉၀-ကျော်၍ ၁၀၀-နီးပါးပင် ရှိနေပေပြီ။

မကြာမီက ကျွန်တော်နှင့်တွေ့၍ 'ဆရာတော်ဟာ ကျန်းမာလဲ ကျန်းမာတယ်၊ အသက်လဲရှည်တယ်၊ ဘာဆေးတွေကို အမြဲ မှီဝဲနေပါသလဲဘုရား' ဟု ကျွန်တော်က စပ်စပ်စုစု လျှောက်ထားကြည့်လိုက်မိသည်။

'ဘာဆေးမှ အထူး အထွေ စွဲမစားပါဘူး၊ ပျားရည်ပဲ တစ်နေ့ တစ်ဇွန်း အမြဲသောက်တာ ရှိတာပါပဲ'

'တပည့်တော်လဲ ပျားရည် တစ်နေ့ တစ်ဇွန်း သောက်နေတာ ၁၀-နှစ် ကျော်နေပါပြီ၊ ဆရာတော်လို တပည့်တော်ကတော့ မကျန်းမာပါဘူး ဘုရား'

'မင်း ပျားရည်က ရိုးရိုးပျားရည် ထင်တယ်'

'ဟုတ်ပါတယ် ဘုရား၊ ရိုးရိုးပျားရည်ပါပဲ၊ ဆရာတော့် ပျားရည်ကကော ဘယ်လို ပျားရည်ပါလဲ'

'ငါ့ပျားရည်က ရိုးရိုး ပျားရည် မဟုတ်ဘူး၊ သူငယ်စာ ငှက်ပျောသီးနဲ့ စိမ်ထားတဲ့ ပျားရည်ကွ'

ဆရာတော်၏ စကားကြားလိုက်ရသောအခါ ကျွန်တော်က အထူး စိတ်ဝင်စားသွားပြီး....

- ဆရာတော်၏ စိုပြည် လတ်ဆတ်နေသော အသား အရေ၊
- ဖြူသင့် သလောက် မဖြူသော ဆံပင်များ-နှင့်
- အသက် အရွယ် နှင့် ထောက်စပါက ကျသင့် သလောက် မကျသော ကိုယ်၊လက်၊ခြေထောက် အနေအထားများကို-

သတိပြု၍ အတန်ကြာအောင် ကြည့်နေမိသည်။

'မင်းက ငါ့ရုပ်ကိုကြည့်ပြီး စိတ်ဝင်စားနေပုံ ပေါ်တယ်'

'စိတ်ဝင်စားရုံတွင် ဘယ်ကမလဲ ဘုရား....၊ ဒီသူငယ်စာ ငှက်ပျောသီးကို ဘယ်က ရတယ်ဆိုတာရယ်.... ဒီပျားရည်ကို သောက်တာ ဘယ်လောက်ကြာပြီဆိုတာရယ်.... ဒါတွေကိုပါ သိချင်နေပါတယ်ဘုရား'

'ဂျပန်ခေတ် စစ်အတွင်း၊တုန်းကပေါ့၊ မရှုးက ငါနဲ့ သိဖူး ကဲ့ ဒကာတစ်ယောက်က ငှက်ပျောသီး ၈စ်လုံး လာလှူတယ်၊ 'ဒီ ငှက်ပျောက သူငယ်စာ ငှက်ပျောပါဘုရား၊ ပျားရည်နဲ့ စိမ်ပြီး သောက်ရင် အာယုဝဍ္ဍန အသက်ရှည်ဆေးပါပဲ' လို လျှောက်ပြီးလှူသွားတာပဲ၊ ဒါနဲ့ ငါလဲ ဂျပန်ခေတ်က စပြီး ပျားရည်နဲ့ စိမ်သောက်လာတာ၊ တဖြည်းဖြည်း ကျန်းမာရေး ကောင်းလာတယ်၊မင်း အမြင်ပဲလေ ငါ ဘာရောဂါမှ မဖြစ် ဘူး၊ အိပ်လို့လဲ ပျော်တယ်၊ စားလို့လဲ ဝင်တယ်'

ဆရာတော်က ပြောပြောဆိုဆို ထိုင်ရာမှထ သွားပြီး ဖန်ဘူး တစ်ဘူး ယူလာကာ အဖုံးဖွင့်ပြသည်၊ ပျားရည် များထဲတွင် မပေါ့တပေါ် ပေါ်နေသော ငှက်ပျောသီး တစ်လုံးကို တွေ့ရ သည်၊ သို့သော် ငှက်ပျောသီးမှာ နှစ်ကာလ ကြာပြီ ဖြစ်၍ မူလ အဖနအထား မျိုးမဟုတ်တော့ဘဲ ပိန်ပိန်လှီလှီ ဖြစ်နေသည် ကို တွေ့ရသည်။

ကျွန်တော့်အား ယင်းပျားရည်ကို တစ်ဇွန်း တိုက်သဖြင့် ကျွန်တော်လည်း သောက်ခဲ့ရသေးသည်။

'မင်းက အမြဲတမ်း ပျားရည် သောက်နေတယ် ဆိုတော့– ငါ့ဆီ ပျားရည် တစ်ပုလင်းလောက် လာပို့ထားကွ၊ ငါ ငှက် ပျောသီးနဲ့ ၁၅–ရက်လောက် စိမ်ထားပေးမယ်၊ ၁၅–ရက် လောက်ရှိတော့ မင်းလာယူလှဲ့'

ဆရာတော်က ကျွန်တော့်အား စေတနာ မြင့်မားစွာဖြင့် အမိန့်ရှိသဖြင့် ကျွန်တော်ကလည်း နောက်နေ့မှာပင်ဆရာတော် ထံ ပျားရည် တစ်ပုလင်း သွားပို့ထားလိုက်သည်၊ ဤစာရေး သည့် အချိန်အထိ သွားမယူရသေးပေ။

ဤသို့ ဆရာတော်အမိန့်ရှိမှပင် ကျွန်တော်လည်း 'သုံးယံစာ ငှက်ပျောခိုင် တစ်ခိုင် တစ်ခိုင်တွင် အာယုဝဍ္ဎန ပေါက်သော ငှက်ပျောသီးတစ်လုံး အမြဲတမ်း ပါရှိမြဲ ဖြစ်သည်၊' ဟူသော ဗားမဲ့ဆရာတော်၏ ပေစာမူကို ပြန်လည် အမှတ်ရမိလေ တော့သည်။

ယင်းသို့ အာယုဝဍ္ဍနဆေးဖြစ်သော ငှက်ပျောသီးမှာ သူငယ်စာငှက်ပျော တစ်ခိုင်လုံးတွင်၌ တစ်လုံးသာ ပါရှိသဖြင့် ရရန်ခဲယဉ်းလှသည်ဟု ထင်ကောင်း ထင်ကြပေမည်။

သို့သော် တစ်ခိုင်လုံးတွင်မှ တစ်လုံးသာ ပါရှိသော ယင်းငှက်ပျောသီးတစ်လုံးကိုရရန် ခဲယဉ်းစေကာမူ ဝိဇ္ဇာယာနပညာအစီအရင်ဖြင့် စိုက်ပျိုးထားသော သူငယ်စာ ငှက်ပျောသီး မှန်သမျှမှာကား အထက်ပါ တစ်လုံးသာ ပါရှိသော ရှားပါးလှသည့် ငှက်ပျောသီးထက်ပင် ပိုမို၍အစွမ်းထက်မြက်လှပေသည်။

ထို့ကြောင့် ဝိဇ္ဇာယာနပညာအစီအရင်ဖြင့် သူငယ်စာ ငှက်ပျောကို စိုက်လည်း စိုက်ပျိုးကြပါ၊ ပျားရည်နှင့် စိမ်၍လည်းစားသောက်ဖြစ်အောင်လည်း စားသောက်ကြပါဟု အလေးအနက် တိုက်တွန်းလိုပေသည်။

— —

# ဂါထာမန္တန် အစီအရင်ကဏ္ဍ

## လင်ကွဲ မယားကွဲ ပြန်ပေါင်းထုတ်နိုင်သော

## ပီယ ဂါထာမန္တန် အစီအရင်

### စီရင်နည်း - စီရင်ဟန်

စိတ် အခန့်မသင့်၍ ကွဲကွာနေကြသော လင်မယား နှစ်ဦး အနက် တစ်ဦးဦးက ပြန်ပေါင်းချင်ပါက အောက်ပါ ဂါထာ မန္တန်ဖြင့် တစ်နေ့လျှင် ပုတီး (၅) ပတ် စိပ်ရမည်။

### ဂါထာ မန္တန်

ဥုံ အညံ့ အကဂ္ဒိ အာပတ္တိယော
သဒ္ဒိကံ ဘိကျုံ ပဋ္ဋိကရိဿာဝမိ။

ပုတီးမှာ (၁၀၈) လုံး ပြည့်သော ပုတီး ဖြစ်ရမည်၊ (၇၂) လုံးပုတီးဖြင့် မစိပ်ရပေ။

## အညွန်း

— ယင်းကဲ့သို့ တစ်နေ့လျှင် ပုတီး ၅-ပတ် စိပ်သော အခါ ပြန်ပေါင်းလိုသူကို အာရုံပြု၍ ပုတီး စိပ်ရမည်၊ (၇)ရက်အတွင်း ကွဲကွာနေသော လင်မယား အချင်းချင်း တစ်နည်းနည်းဖြင့် ပြန်ပေါင်းထုတ် ကြလိမ့်မည်။

— သို့မဟုတ် အထက်ပါ ဂါထာမန္တန်ကို တစ်နေ့လျှင် ပုတီးတစ်ပတ် စိပ်ရမည်၊ (၇) ရက် ရှိသောအခါ ကွဲကွာနေသော လင်မယားကို ကြားမှ အခြားသူ တစ်ဦးဦးက စေ့စပ်ပြောဆိုပေးရမည်၊ ထိုအခါ ပြောဆို စေ့စပ်ပေးတိုင်း အောင်မြင်ကာ ပြန် ပေါင်း ထုတ်ကြလိမ့်မည်။

ဤနည်းမှာ အထက်လမ်းသန့်သန့်ဖြစ်သည်၊ ပုတီးစိပ်သော အခါ၌ ပြန်ပေါင်းလိုသူ၏ မျက်နှာကို စိတ်ဖြင့် မြင်အောင် အာရုံပြုနိုင်ဖို့ ကြိုးစားပါလေ။

ပြန်ပေါင်းထုတ်မိပြီးသော အခါ၌လည်း နောင် ဤကဲ့သို့ မကွဲကွာရအောင် တစ်ဦး၏ အပြစ်ကို တစ်ဦးက ခွင့်လွှတ်နိုင် အောင်လည်း ကြိုးစားပါလေ။

+ × +

## ရုက္ခစိုးနတ်နှင့် တွေ့ဆုံ၍ လိုရာကို ပြောကြားတောင်းဆိုနိုင်သော

## ဂါထာမန္တန် အစီအရင်

### ပြုရင်နည်း – စီရင်ဟန်

ထန်းရွက်-ပေရွက်- စက္ကူ-ရှာတွင် အောက်ပါ ဂါထာ မန္တန်ကို ရေး၍ ယင်းဂါထာနှင့်ပင် ( ၃၇ )အုပ် ရုတ်ရမည်။

### ဂါထာမန္တန်

အာကာသဋ္ဌာန ဘူမဋ္ဌာ စ၊
ရုက္ခဋ္ဌာ စ မဟိဒ္ဓိကာ။
ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊
မံ ပါလေတု ပတိဋ္ဌိတံ။

ထို့နောက် ယင်းထန်းရွက် - ပေရွက် - စက္ကူကို ရုက္ခစိုး ရှိသော သစ်ပင်၌ ဆွဲကပ်ထားခဲ့ရမည်။

### အညွှန်း

- ယင်းသို့ ရုက္ခစိုး ရှိသော သစ်ပင်၌ ဆွဲကပ်ထား ပြီးနောက် ( ၇ ) ရက် ရှိသောအခါ ရုက္ခစိုးနှင့် စကားပြောရလိမ့်မည်။

- ထိုအခါ ရှက္ခစိုးနတ်မင်းအား မိမိလိုရာကို တောင်းဆို ပြောကြားရမည်။
- မိမိ တောင်းဆို ပြောကြားသည့်အတိုင်း အောင်မြင်မည်၊ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးလိမ့်မည်။

သို့သော် ရုက္ခစိုးနတ်မင်းနှင့် တွေ့ဆုံ ပြောဆိုသောအခါ ရိုရိုသေသေ လေးလေးစားစား ဆက်ဆံနိုင်ဖို့ကိုတော့ သတိပြုပါလေ။

\+ \+ \+

ဒိယသို့ သာမက ယိပ်နှောင် အကျဉ်းကျမှ
လွတ်မြောက်စေနိုင်သော
လက်ဆောင်ပဏ္ဏာမန်းအစီအရင်
စီရင်နည်း - စီရင်ဟန်

မိမိ ပေးလိုသော လက်ဆောင်ပဏ္ဏာ ပစ္စည်းကို အောက်ပါ ဂါထာမန္တန်ဖြင့် (၃၇) အုပ် စုတ်ရမည်။

ဂါထာ မန္တန်

ဥုံ သူရမာ သူရအာ ရှိန်ရှိန် နမော ဗုဒ္ဓါယ သဗ္ဗေသတ္တာ ဘဝန္တု သွာဟယျကပ်။

ယင်းသို့ ဂါထာရွတ်သောအခါ မိမိ ပေးလိုသူ၏ မျက်နှာကို စိတ်ထဲ၌ မြင်အောင် အာရုံပြု၍ ရွတ်ရမည်။

အညွှန်း

- မိမိ ချစ်ကြိုက်နေသော အမျိုးသမီးအား သူမနှစ်သက်သော ပစ္စည်း တစ်ခုခုကို ယင်းမန္တန်ဖြင့် မန်းပြီးပေးရမည်၊ သူမက မိမိအား မယုံကြည်နိုင်လောက်အောင် ပြန်လည် ချစ်ကြိုက်လာလိမ့်မည်၊ 'ဤတွင်ယတွင် အတုမရှိသောနည်း' ဟု ရှေးဆရာများ အဆိုပြုထားခဲ့ကြသည်။

- တရား-တပေါင်-ထိပ်နှောင် အကျဉ်းကျ တွေ့ကြုံနေရသော အခါများ၌လည်း လက်ဆောင်ပဏ္ဏာကို အထက်ပါအတိုင်းမန်း၍ တရားသူကြီး-ထောင်ပိုင်-ထောင်မှူး- ရဲမှူး- ရဲအုပ်- စသူတို့ကို ပေးရမည်၊ ပေးသောအခါ စိတ်ထဲက ထိုသူ၏မျက်နှာကို မြင်အောင် အာရုံပြုကြည့်ပြီး အလိုရှိရာကို တောင့်တ၍ ပေးရမည်၊ မိမိ အလိုရှိတိုင်း ထိပ်နှောင်အကျဉ်းကျ စသည်တို့မှ တစ်နည်းနည်းဖြင့် လွတ်မြောက်လာလိမ့်မည်။

ပိယသျှိုကိုသာမက ရာဇသျှို - သမ္ဘသျှို တို့၌လည်း အတုမရှိလှအောင် အစွမ်း ထက်မြက်လှပေသည်။

× × ×

## ပီဘာသို့နှင့်အတိုက်အခိုက်များ အတွက်

### မဆစ်ဆီမန်း ဂါထာမန္တန်

### စီရင်နည်း–စီရင်ပုံ

မဆစ်ဆီ ၂၅–ကျပ်သားကို ငွေဖလား၌ ထည့်၍ အောက်ပါ ဂါထာ မန္တန်ဖြင့် ဗွာန်ကမ္ဘိုဏ်း ကျွနစ္စာ (၂၈) ကြိမ် မန်းရမည်။

#### ဂါထာမန္တန်

ပြောပင်း ... အဋ္ဌ သီဟာ နလာဋ် ဗုဒ္ဓါ၊
နလာဋ္ဌေ ဗုဒ္ဓဝမဝ စ။
အရဟံ ထုဇကောဋ္ဌံ
ဝိနာဿန္တု အသေသတော။

ယင်းဂါထာမန္တန်ကို မမန်းမီ ထိုနေ့နံနက်ချိန်မှစ၍ ထိုနေ့ ကုန်သည်တိုင်အောင် ငါးငါး သီလကို ကောင်းစွာ ခံယူ၍ လုံခြုံအောင် စောင့်ထိန်းထားရမည်။

#### အညွန်း

— အရေးတစ်ခုံ ကိုယ်၌ကြုံ၍ သွားလာ၍ ဆောင်ရွက်ရန် ရှိသောအခါ ယင်း မဆစ်ဆီမန်းကို တစ်မတ်သားထက်မပိုစေဘဲ သရက်ဂုံဖြင့် (၃)ကြိမ်နှိုးပါ၊

ပြီးမှုနှုး ဆံ၊ မျက်စိ၊ နှတ်ခမ်း၊ လက်ယာ၊ လက်ဝဲ၊ လက်ချုံး – လက် မောင်း တို့ကို ယင်း မဆစ်ဆိဖြင့် လိမ်းသပ် သွားလာပါက အောင်ရှက်သမျှ ကိစ္စ အဝဝ ပြီးမြောက် အောင်မြင်မည်။

– စုန်းတိုက်–နတ်တိုက်–သူပြု–လူပြု–အတိုက်–အခိုက် ဟူသမျှကိုလည်း ယင်းမဆစ်ဆိမန်းကို အခလေးချိန် တစ်ကျပ်သားထက်မပိုစေဘဲ အထက်နည်းအတိုင်း လိမ်းသပ်ရမည်၊ မကြာမီမှာပင် ယင်း အတိုက် အခိုက် မှန်သမျှ ကင်းစင် ပပျောက်မည်။

– အစုး – အရှ – ခသူးဘွက် – သံပိုဟူသမျှကိုလည်း ယင်း မဆစ်ဆိမန်းဖြင့် သင့်လျော်စွာ သုတ်လိမ်း ပါက အလွယ်တကူ ကင်းစင် ပပျောက်နိုင်သည်။

ပီယသို့–သဗ္ဗသို့ မဆစ်ဆိမန်းဖြစ်၍ ညာက်ရှိတိုင်း အမျိုး မျိုး ခဲ့၍ထွင် အသုံးပြုနိုင်ကြပေသည်။

+ + +

## အလိုရှိသည်ကို ကြည့်ရှုက ကြည့်ရှုတိုင်း မြင်နိုင်သော

### ဆီမန်းဂါထာ

### စီရင်နည်း - ဒီရင်ဟန်

သန့်ရှင်း. မိုကြယ်ဖော ဆီကောင်းဆီသန့်ကို အောက်ပါ ဂါထာမန္တန်နှင့် (၄၇) ခေါက် ရွတ်ရမည်။

### ဂါထာမန္တန်

ဥုံ ဗုဒ္ဓေါ ဗုဒ္ဓေါ ငါလည်း မတတ်၊ ဘုရား သဗ္ဗညု အတတ်တော်း၊ သက်ပေ ဆရာ သက်ပေ၊ လျှင်စေ ဆရာ လျှင်စေ၊ မြင်ပေ ဆရာ မြင်ပေ၊ ပြပေ ဆရာ ပြပေ၊ ဥုံ ဒေဝတာ ဒေဝတာ၊ ငါ လည်း မတတ်၊ ဆရာ ဘိလူးမင်း အတတ် တည်း၊ သက်ပေ ဆရာ သက်ပေ၊ လျှင်စေ ဆရာ လျှင်စေ၊ မြင်ပေ ဆရာ မြင်ပေ၊ ပြပေ ဆရာ ပြပေ။

### အညွန်း

— ယင်း ဆီမန်းဖြင့် မျက်စိကို ကွင်း၍ ကြည့်ပါ၊ ရှေးဦးစွာ ဗောဓိပင်နှင့် ရွှေပလ္လင်ကို မြင်ရလိမ့် မည်။

- ယင်းသို့မြင်လျှင် အခြား မိမိ မြင်လိုသော အရာ အားလုံး မြင်နိုင်ပြီဟု မှတ်ပါ။
- မိမိ မြင်လိုသော အရာများကို ကြည့်ရမည်၊ ကြည့်ရှုသမျှ မြင်ရလိမ့်မည်။

သို့သော် (၁) ရေ မနှစ်ဘူးသောသူ နှင့် (၂) ခွေးကိုက် မခံရဘူးသောသူ ကြည့်မှသာ မြင်နိုင်သည်၊ ဤအချက်ကို သတိပြုပါလေ။

\+ \+ \+

## ချစ်သူကို ခေါ်လျှင် လာစေနိုင်သော
## ပန်းမန်း ဂါထာမန္တန် အစီအရင်

### စီရင်နည်း - စီရင်ဟန်

မိမိ နှစ်သက်ရာ ပန်း (၃) ပွင့်ကို အောက်ပါ ဂါထာမန္တန်ဖြင့် (၇) အုပ် မန်းရမည်။

### ဂါထာမန္တန်

ဥုံ တိတ္တုံ တိဘုံ ထွန်မော - ဥုံ သူရသတီမယ်-ဒေဝီမည်လျှ အို နှမ၊ သားငါ့ အသွင် စိတ်ကထင်၍ ရင်ခွင်ပိုက်၍ လိုက်စေသော။

## အညွန်း

- ယင်းသို့ မန်းပြီးသော ပန်း (၃) ပွင့် အနက် ဘုရားအား တစ်ပွင့် ကပ်လှူရမည်၊ နတ် အား တစ်ပွင့် အပ်ရမည်၊ ကျန် တစ်ပွင့်ကို မိမိ ကိုယ်၌ ဆောင်ထားရမည်။
- မိမိ အလိုရှိသော အမျိုးသမီးကို လက်ညှိုးညွှန်၍ စိတ်က တောင့်တလျှင် ယင်းအမျိုးသမီး ကျိန်းသေ လာလိမ့်မည်။
- လူမျှင် မိမိအလိုရှိသည်ကို ပြောပါက ပြောတိုင်း လက်ခံလိမ့်မည်။

ပီယသိဒ္ဓိအတွက် အထူးကောင်းလှသည်၊ ဆိုသော် အကည် မယူတဲ့နှင့် ကြံနည်းဂုဏ် သုံးပါနှင့် သစ္စာရှိပါစေ။

\+ × +

## ဘုန်းကျက်သရေ တိုး၍ ကောင်းကျိုးသုခ အနန္တကို ရစေနိုင်သော အစိန္တေယျ ဂါထာ အစီအရင်

### စီရင်နည်း - စီရင်ဟန်

မုခ် လေး ဖက် ရှိသော တန်ခိုးကြီး ဘုရား တွင် လေး မျက်နှာ၌ တစ်မျက်နှာ တစ်မျက်နှာ လျှင် အောက် ပါ အစိန္တေယျ ဂါထာတော်ကြီး (၄) ပုဒ်ကို ပုတီး ၉-ပတ်စီ အစဉ်အတိုင်းမှန် ၉-ရက် စိပ်ရမည်။

(၁) ဧဝံ အစိန္တိယျာ ဗုဒ္ဓါ၊
ဗုဒ္ဓဂုဏာ အစိန္တိယျာ။
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။

(၂) ဧဝံ အစိန္တိယျာ ဓမ္မာ၊
ဓမ္မဂုဏာ အစိန္တိယျာ။
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။

(၃) ဧဝံ အစိန္တိယျာ သံဃာ၊
သံဃဂုဏော အစိန္တိယျာ။
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။

(၄) ဧဝံ အစိန္တိယျာ ဗုဒ္ဓါ၊
ဓမ္မာ သံဃာ ဟိသက်ရာ။
သကလံ သရီရံ မယှံ၊
သမန္တာ ပရိဝါရိတော။

အညွှန်း

- အစိန္တာဝန် ပုတီးစိပ်၍ (၇) ရက် (၈) ရက် ခန့်ရလျှင် ရဟန်းအသွင်ဖြင့်ဖြစ်စေ - ရုပ်ရည်ရူပကာယ လှပသော အမျိုးသမီး အသွင်ဖြင့် ဖြစ်စေ လာရောက် နှောင့်ယှက် ဖျက်ဆီးတတ်သည်။

- ထိုအခါ ဂူရိယာပုတ်ကို မပြောင်း-မရွေ့ မိအောင် သတိထားနေပါ၊ အဓိဋ္ဌာန် မပျက်ပါစေနှင့်။

- အနှောင့်အယှက် မှာ အလိုလို ပျောက်သွားပါလိမ့်မည်။

- အဓိဋ္ဌာန်အတိုင်း အောင်မြင်ပါက မယုံကြည်နိုင်လောက်အောင် အကျိုးပေးပါလိမ့်မည်။

- ယင်းသို့အဓိဋ္ဌာန် ပုတီးမစိပ်နိုင်ပါကလည်း ယင်းအစီအရင်ပါ ဂါထာတော်ကြီး (၄) ပုဒ်ကို နေ့စဉ် ရွတ်ဖတ် ပွားများ ကြပါလေ၊ ဘုန်းကျက်သရေ တိုး၍ ကောင်းကျိုးသုခ အနန္တ အမျိုးမျိုး ပေါ်ပေါက် ခံစားရရှိပါလိမ့်မည်။

သို့ရသော် စီရင်နည်း စီရင်ဟန်ကို မှန်မှန်ကန်ကန် ထိတိကျကျ စီရင်ဖို့ကို သတိပြုပါ။

\+ \+ \+

## နတ်ထိကြီးများ ကပင် လာရောက်
## အကူအညီ ပေးသော
## နရပတိစည်သူ မင်းကြီး
## ဖောင်တော်၌ ဆောင်သော
## ဂါထာမန္တန်တော်

မြန်မာ သက္ကရာဇ် ၅၃၆ - ခုနှစ်တွင် ပုဂံ နေပြည်တော်၌ နရပတိစည်သူ မင်းကြီးသည် မင်းအဖြစ်သို့ ရောက်တော်မူသည်။

တရံရောအခါ နရပတိစည်သူ မင်းကြီးသည် သမုဒ္ဒရာကို ကြည့်ရှုတော်မူလိုရကား လှေတော် (၉)သန်း ခြံရံကာ ပုဂံ နေပြည်တော်မှ ဧရာဝတီ မြစ်ကြောင်းအတိုင်း ဖောင်တော်ဖြင့် ထွက်တော်မူခဲ့သည်။

### စီရင်နည်း - စီရင်ဟန်

ထိုအခါ နရပတိ စည်သူ မင်းကြီးသည် ဖောင်တော်၌ အောက်ပါ ဂါထာကို ဆောင်တော်မူခဲ့သည်။

### ဂါထာမန္တန်

(၁) ဗုဒ္ဓေါ တိလောက ဒီပေါ စ၊
ဗုဒ္ဓေါ သုစရာ တမောနုဒ္ဒေါ။
ဗုဒ္ဓံ သရဏံ ဂစ္ဆန္တိ၊
နတ္ထိ မယံ့ ဘယံ သဒါ။

(၂) ဓမ္မော တိလောက ဒီပေါ စ၊
ဓမ္မော သူရော တမောနုဒေါ၊
ဓမ္မံ သရဏံ ဂစ္ဆန္တိ၊
နတ္ထိ မယှံ ဘယံ သဒါ။

(၃) သံဃော တိလောက ဒီပေါ စ၊
သံဃော သူရော တမောနုဒေါ။
သံဃံ သရဏံ ဂစ္ဆန္တိ၊
နတ္ထိ မယှံ ဘယံ သဒါ။

အညွှန်း

– ယင်းဂါထာမန္တန်ကို ဖောင်တော်၌ဆောင်ခဲ့သော ကြောင့်လည်း နရပတိစည်သူ မင်းကြီး၏ ဖောင်စကြာ သည် အဘက်ဘက်မှ အောင်မြင်ခဲ့သည်၊ စိတ်အကြံရှိသမျှ လိုအင်ဆန္ဒ ပြည့်ဝခဲ့သည်။

– ဖောင်တော်ဖြင့် ဇမ္ဗူ သပြေပင် သို့ ရောက်သော အခါ သပြေပင် အောက်၌ ဖြူစင် လှစွာသော ကျောက်ဖျာကို မြင်လျှင် မင်းကြီးသည် ဘိသိက်ခံ လိုသော စိတ်အကြံ ဖြစ်ပေါ်လာသည်။

ထိုအခါ သိကြားမင်းသည် သူအိုယောင်နှင့်လာ၍ 'မင်းကြီး – ဤ ကျောက်ဖျာသည် ဘုရားသခင် ဘွဲ့မ်း ဘုဉ်းပေးတော်မူရာ ဖြစ်သည်၊ မင်းကြီး မယှံ

သော် ဦးဗောင်းတော်ကို တင်လော့ ’ဟု ဆိုသဖြင့် ဦးဗောင်းတော်ကို တင်သော် ဗောင်းတော်သည် ကြေကျွမ်း ပျောက်လေသည်။

– ထိုသို့လျှင် ကြည်ညို ကိုးကွယ်လိုသော မင်းကြီးအ စိတ်ကို သိ၍ သိကြားမင်းသည် ကျောက်ဖျာကို လှူပြီးလျှင် ဆင်းတုတော် ဖန်ဆင်း ထုလုပ်၍ နရပတိစည်သူ မင်းကြီးအား အပ်၏။

– ထိုဆင်းတုတော်ကို ‘ ရှင်ဖြူ ’ ဟူ၍ လည်းကောင်း။

– သီဟိုဠ်ဘုရင်က ဆက်လိုက်သော ဗုဒ္ဓ– ရုပ်တုတော်ကို ‘ ရှင်လှ ’ ဟူ၍ လည်းကောင်း။

ဘွဲ့တော် ချီရ ယင်းအမည်များအတိုင်း ယခုတိုင် အောင် ခေါ်တွင်လျက်ရှိသည်ဟု မြန်မာရာဇဝင် ကြီးများ၌ ဖော်ပြထားသည်။

သိကြားမင်းပင် လာရောက်ကာ နရပတိစည်သူမင်းကြီး၏ စိတ်အကြံရှိတိုင်း ပြည့်စုံအောင်ဖန်တီးပေးခဲ့သဖြင့် ဤဂါထာ မန္တန်ကား အသုံးချတတ်လျှင် ချတတ်သလောက် လိုရာ ဆန္ဒ ပြည့်ဝစေတတ်သော ဂါထာမန္တန်ပင် ဖြစ်သည်။

## မြန်မာမင်း အဆက်ဆက်က
## စစ်ဗိုလ်မှူးကြီးများ-မင်းသားကြီးများ
## လက်သုံးပြုခဲ့သော
## စစ်၌ဂါထာမန္တန် အစီအရင်
## ပိရင်နည်း-ပိရင်ဟန်

စစ်တိုက် ထွက်သောအခါ မထွက်မီ အောက်ပါ ဂါထာ မန္တန်ကို အနည်းဆုံး (၃)ခေါက် ရွတ်ရမည်။

### ဂါထာမန္တန်

ဥုံ ရာဇမဘူတာ၊ သတိဗျတ္တာ၊ အံ အာ ဇု ဈုံ၊
သုလစိက၊ ဧ အဲ ဩ ဪ၊ သိဒ္ဓိကမ္မရာဇ၊ က ခ
ဂ ဃ - နု မ ဍ္ဍရာဇာ၊ စ ဆ ဇ ဆ ဉတ္တိ မိတ္တာ၊
သ ယ လ ဝ သုခါဝဟာ၊ သတ္တုံနိ ဘာဝတော၊ ပဋ္ဌော
ဂျာလုတော မဿ ရာဇ သဗ္ဗဒါ ဍုဋ္ဌရန္တာ သာသပ
ဂစ္ဆေ၊ ဍူတောစိတော စင်္ကမတိ၊ စက္က ဝါဋ္ဌိပိ အတ္တ-
ဘာပေန ဆာရိ။

ထို့ထက် ပိုနိုင်ပါက ပိုနိုင်သရွေ့ ပိုမို ရွတ်ရမည်၊ ပိုမို ရွတ်နိုင်လေ ပိုမို၍ အစွမ်းထက်မြက်လေပင် ဖြစ်သည်။

## အညွှန်း

- စစ်ပွဲတိုင်း၌ တိုက်တိုင်းအောင်မြင်မည်။
- ရန်ဟူသမျှ အောင်ပွဲရသည်ချည်း ဖြစ်သည်။
- အကျိုးကား အနန္တတည်း။

ရှေးမြန်မာ ဘုရင်များ လက်ထက်အခါက ဗိုလ်မှူးကြီးများ၊ ဗိုလ်ကြီးများ၊ မင်းသားကြီးများ စစ်ချီတက်လျှင် တပ်ဦးမှ နေ၍ ရွတ်ဆိုသော ဂါထာ ဖြစ်သည်ဟု 'ပေစာမူ' ၌ ဖော်ပြထားသည်။

\+ \+ \+

## ပီယမျက်စောင်းထိုး မန္တန် အစီအရင်

### စီရင်နည်း - စီရင်ဟန်

မိမိ အလို ရှိသော မိန်းမ ကို သူမ၏ ဘယ်ဘက်မှ နေ၍ မျက်စောင်းထိုး ကြည့်ပြီးလျှင် အောက်ပါ ဂါထာမန္တန်ဖြင့် (၇) အုပ် ရွတ်ဆိုရမည်။

### ဂါထာမန္တန်

ဥုံ ဗိဇ္ဇွာ မမ ဗိဇ္ဇွာ၊ ဥုံ မနာပေါ မမ[မနာပေါ၊ ပိယေဟိ မမ ပိယေဟိ၊ ဥုံ သိဒ္ဓေဟံ မမ သိဒ္ဓေဟံ၊ ဇုဇ္ဇိ ဇိဇ္ဇုံ မှိုင်းမှိုင်း သွားဟယ်ယဲ့ကပ်။

သို့သော် မိမိမျက်စောင်းထိုးကြည့်သည့် အမှုအရာကို သူမသိအောင်လည်း ဂရုစိုက်ဖို့ လိုသည်။

အညွှန်း

– ယင်းကဲ့သို့ (၇)အုပ် ရွတ်ပြီးပါက သူမအား မိမိ အလိုရှိရာစကား ပြောဆိုရမည်။

– ပြောဆိုသမျှ အောင်မြင်မည်။

– မိမိ အလိုရှိသမျှ ကိစ္စ ပြီးမည်။

သို့သော် ကာမေသုမိစ္ဆာစာရ ကိုတော့ ရှောင်ပါလေ၊ အတည် မယူတဲ့နှင့်လည်း ဤအစီအရင်ကို အသုံးမပြုပါနှင့်၊ သစ္စာရှိပါစေ။

\+ + +

## ကိုယ်ပျောက် ဂါထာမန္တန် အစီအရင်

### စီရင်နည်း – စီရင်ဟန်

နောက်မှ ရန်သူလိုက်လာသောအခါ၌ ဖြစ်စေ၊ သို့မဟုတ် အရေးတစ်ခု ကြုံလာသောအခါ၌ ဖြစ်စေ၊ လက်လှမ်းမှီရာ၌ ရှိသော ရာတစ်ခုခုကို အောက်ပါ ဂါထာဖြင့် (၇) အုပ် မန်းရမည်။

ဂါထာမန္တန်

ဥုံ ဂေါထာဝန် နာမ စရိတံ၊
ပုတ္တံ ပိယကွ ဒေဝေါ။
ဂေါဓောန ဆာယာ စရိတိ၊
တုမေ့ ရုက္ခမူလေ ဇာယန္တိ။

**အညွန်း**

- ယင်းကဲ့သို့ (၇) အုပ် မန်းပြီးနောက် မန်းထားသော အရာဝတ္ထုဖြင့် မိမိကိုယ်ကို ကွယ်ထားလိုက်ရမည်။
- ထိုအခါ မိမိအား သူတစ်ပါး မမြင်နိုင်ပြီ။

ဤဂါထာကို ရှေးဆရာကြီးများက 'နွားသားဝှက် ဂါထာ' ဟုလည်း အမည်ပေးထားခဲ့ကြသေးသည်။

\+ \+ \+

လက်ဖွေ့မန်းဂါထာမန္တန်

စီရင်နည်း - စီရင်ဟန်

ဆီကို အောက်ပါဂါထာမန္တန်ဖြင့် (၃၇)အုပ်မန်းရမည်။

ဂါထာမန္တန်

ဥုံ ရာဇာရံ ပရံ ယေယော ဣလ္လာသု ဣဟာရေ
ဇံဇံ။

အညွှန်း

— လက်ဝှေ့ ထိုးတော့မည်ဆိုလျှင် ယင်း ဆီမန်းကို သောက်ထားပါ။

— မည်မျှပင် ထိုးသော်လည်း မကွဲနိုင်ပြီ။

သို့သော် ရာနှုန်းပြည့် ယုံကြည်စိတ် အပြည့်အဝ ရှိထားဖို့တော့ လိုပေသည်၊ ယင်းသို့ ယုံကြည်မှုရှိမှသာ အစွမ်း ထက်မြက်ပါမည်။

\+ \+ \+

## တစ်ပွဲပြန် ရေတ်ကောင်းမန်း မန္တန်

စီရင်နည်း - စီရင်ပုံ

ရေတ်ကောင်းစိမ်း ရေမြှုပ်ကို အောက်ပါ ဂါထာမန္တန်ဖြင့် (၃၇)အုပ် မှန်းထားရမည်။

ဂါထာမန္တန်

ဥုံ ဇုဒ္ဓေါ မာရဇိန်၊ ဓမ္မာ မာရဇိန်၊ သံဃော မာရဇိန်၊ သရဇိန် ပြရဇိန် ယရဇိန် ဆိုသော နတ်သည် ငါလျှင်တည်း။

အညွန်း

- သုံးလိုသော အခါ ယင်း မန်းပြီး ရေတ်ကောင်း (၃) စေ့ ကို အထက်ပါ ဂါထာ မန္တန်နှင့်ပင် (၇) အုပ် ထပ်မန်းပါ။

- ပြီးလျှင် ဘုရား-တရား-သံဃာ ရည်စူး၍ သုံးလုံး မျိုပါ။

- တစ်ပွဲပြန် ကောင်းလှ၏။

ယုံယုံကြည်ကြည်နှင့် စီရင်ပြုလုပ်ပါမှ အစွမ်း ထက်မြက် မည်ကိုတော့ သတိပြုပါလေ။

+ + +

ရင်အတ်နာ ဆား မန်း အစီအရင်

စီရင်နည်း - စီရင်ဟန်

ဆားကို လက်သုံးချောင်းဖြင့် ယူ၍ အောက်ပါ ဂါထာ (၇)အုပ် မန်းရမည်။

ဂါထာ မန္တန်

ဥုံ သုမေဓာ၊ အပုပ် ခလုတ် မနေသာ။

အညွှန်း

- ရင်ဘတ် နာသောသူအား ယင်း ဆားမန်းကို မျိုပါစေ။
- ဗိဋ္ဌ ပျောက်သောနည်း ဖြစ်သည်။

ဤအစီအရင်မှာ ပဒဿာဂအစီအရင်မဟုတ်ပေ၊ သွေးရိုး သားရိုး ဝိဇ္ဇာဟာန အစီအရင်သာ ဖြစ်သည်။

\+ + +

## အပင်းကျ ဘီမန်းဂါထာ အစီအရင်

စီရင်နည်း–ဗီရင်ဟန်

ဆီကို အောက်ပါ ဂါထာဖြင့် (၇) အုပ် မန်းရမည်။

ဂါထာ

ဥုံ ဘုရားမြတ်လို၊ ဂေါတမကား၊ ခေါင်းရင်း နေ၏၊ ဥုံ ပစ္စေကဗုဒ္ဓါ ရဟန္တာကား၊ လက်ယာ လက်ဝဲ အမြဲရံ၏၊ ဥုံ စတုလောကပါလ နတ် သားလေးယောက် ဦးစောက်ရေစင် ဖျန်းပါ လတ္တံ့၊ ဥုံ ထွက်ခဲလေဆော့စွာ ဝင်ပါ၊ ထွက် ဆရာထွက်၊ သက်ဆရာသက်။

အညွှန်း

- ယင်း ဆီမန်းဖြင့် အမဲဒဏ်ရှိသော နေရာကို သပ်၍ချပါ။

- အပင်း ဟူသမျှ ကျလာလိမ့်မည်။

ခွေးပင်း- လေပင်း- အသားပင်း- အရိုးပင်း- အလုံးပင်း စသည့် အပင်း အားလုံးအတွက် ဤဆီမန်းကို အသုံးပြုနိုင်သည်။

+ + +

လက်ဖက်မန်း ဝိယ ဂါထာ အစီအရင်

ဇီရင်နည်း - ဇီရင်ဟန်

လက်ဖက်ကို မိမိ စားနိုင်သလောက်- စားချင် သလောက် ယူ၍ အောက်ပါ ဂါထာဖြင့် (၇)အုပ် မန်းရမည်။

ဂါထာမန္တန်

ဥုံ ဗုဒ္ဓေါ ဇာတရှပေါ ချုပ်၊ ဥုံ ဓမ္မော ဇာတရှပေါ ချုပ်၊ ဥုံ သံဃော ဇာတရှပေါ ချုပ်၊ ချုပ် ဆရာ ချုပ် - သွားဟ။

အညွှန်း

- မန်းပြီးလျှင် ယင်းလက်ဖက်ကို စားပါ။
- မိမိအား မြင်သူမှန်သမျှက ချစ်ခင် မြတ်နိုးကြလိမ့်မည်။
- ပိယသျှို အတွက် သက်သက်တည်း။

\+ \+ \+

လက်ဖဝါးမြှ ပိယထုံးမန်း

စီရင်နည်း–စီရင်ယာနှံ

၁။ ထုံး တစ်မတ်၊

၂။ နှမ်းဆီ တစ်မတ်၊

ယင်းနှစ်မျိုးကို ဖျော်ပြီးလျှင် အောက်ပါ ဂါထာမန္တန်ဖြင့် (၃၇) အုပ် စုတ်ရမည်။

ဂါထာမန္တန်

ဥုံ သွေ့သွေ့ဘတ်၊ သနပ်ပတ် သွေ့သွားဟ၊

အညွှန်း

- ယင်းသို့ မန်းပြီးနောက် မန်းပြီး ထုံးနှင့် နှမ်းဆီကို လက်ဖဝါး၌ ပွတ်ပြီးလျှင်–

ဥုံ ဗုဒ္ဓေါ နာ၁သော၊ ဝပ်ဆရာဝင်၊ ဥုံ ဓမ္မော
နာ၁သော၊ ဝပ်ဆရာဝင်။

ဟူသော ဂါထာကို ရွတ်ဆိုပြီးလျှင် ပွတ်၍ သွင်းပါ။

– မိမိ အလိုရှိသော မိန်းမအား ယင်းလက်ဝါးကို
ပြပါက ပီယသို့ဖြစ်၍ အပြီးတိုင်၏။

သို့သော် မိမိက လက်ဝါးပြသည်ကို သူမက မရိပ်မိအောင်
ဂရုစိုက်ပြီး ပြပါလေ။

\+ \+ \+

## ပီယနှန္ဒင်းမန်း အစီအရင်

## စီရင်နည်း - စီရင်ဟန်

နှန္ဒင်းဥ ဥတစ်လုံးကို အောက်ပါ ဂါထာမန္တန်ဖြင့် (၃၇)
အုပ် မန်းရမည်။

### ဂါထာမန္တန်

ဥုံ ဏွံ ဏွံထ၊ တနု၊ တနု၊ ထ။

မန်းပြီးလျှင် ယင်းနှန္ဒင်းနှင့် မိမိ၏ လက်မနှစ်ဖက်မှ
ထဆင်တူး ( ထ ) နှစ်လုံးကို တည်တည့်ဟပ်မိအောင် တပ်ဖက်
တစ်လုံးစီ ရေးရမည်။

### အညွှန်း

- ထို့နောက် လက်မကို ယင်း ဂါထာမန္တန်ဖြင့်ပင် (၇)အုပ် စုတ်၍ မိမိ လိုရာသို့ သွားရမည်။
- ရာဇသျှိ - သမ္ဘသျှိ - ပိယသျှိ သုံးပါးလုံးအတွက် စွမ်းလှ၏။

သို့သော် ထဆင်ထူး (ထ) နှစ်လုံးကို တည့်တည့် ဟပ်မိအောင် ဂရုတစိုက် ရေးဖို့ကို သတိပြုပါ။

+ + +

## ကုန်တိုက် ဂါထာမန္တန် အစီအရင်

### စီရင်နည်း - ဒိရင်ဟန်

မည်သည့် ကုန်ပစ္စည်းမဆို ရောင်း၍ မစွံပါက ရေကို အောက်ပါ ဂါထာမန္တန်ဖြင့် (၇) အုပ် မန်း၍ ပက်ဖျန်းရမည်။

### ဂါထာ မန္တန်

ဥုံ လတ္တာ လတ္တာ ယုဒ္ဓာ ယုဒ္ဓာ သွားဟ။

### အညွှန်း

- ယင်းကဲ့သို့ ပက်ဖျန်းပါက (၃) ကြိမ်ထက် ပို၍ မလုပ်ရပေ။

- ကုန်ပစ္စည်း ကောင်း ရောင်းစွံရမည်တည်း။

သို့သော် ရုန်းမြည့် ယုံကြည်သောစိတ် အပြည့်အ၀ ရှိဖို့ လိုသည်ကိုတော့ သတိပြုပါလေ။

\+ + +

သက်တန့်နှာ

ရေမန်း - ဆီမန်း ဂါထာ အစီအရင်

စီရင်နည်း - စီရင်ဟန်

ရေ နှင့် ဆီ နှစ်မျိုးကို ဆတူ စပ်ပြီးလျှင် အောက်ပါ ဂါထာမန္တန်ဖြင့် ( ၇ ) အုပ် မန်းရမည်။

ဂါထာမန္တန်

ဦး မြေမှာခံနေသည့် ဖုတ်မင်းတက် - သက်ဆရာ သက်၊ ဦး မိုးမှာနေသည့် နတ်မင်းတက် - သက်ဆရာ သက်၊ ဦး ပုပ္ပားတောင်မြေ ကပ်၍နေသည့် စုန်းမင်း တက် - သက်ဆရာသက်။

အညွှန်း

- အသုံးပြုလိုသော အခါ ယှင်း ရေ နှင့် ဆီမန်းဖြင့် သက်တန့်နှာကို လူးပေးရမည်။ မကြာမီ ပျောက် ကင်းမည်။

– အကယ်၍ ပယောဂ ထင်လျှင် အထက်ပါ ဂါထာဖြင့် ရေကို မန်း၍ တိုက်ပြီးနောက် ဆီကို မန်း၍လည်း ပေးလူး၀ါလေ။

သေးရိုးသားရိုး မဟုတ်ဘဲ ပယောဂ ဖြစ်ပါက မြန်မြန်ပျောက်ကင်းနိုင်သော အစီအရင်ဖြစ်သည်။

\+ \+ \+

စုန်း – ဖုတ် – တစ္ဆေ ပူး ရေ မန်း

ဂါထာ မန္တန် အစီ အရင်

စီရင်နည်း – ဝိရှင်ဟန်

ရေကို အောက်ပါ ဂါထာ မန္တန်ဖြင့် (၇) အုပ် မန်းရမည်။

ဂါထာမန္တန်

ဥုံ ဝသာကာရော၊ ရက္ခောဒေဝ။

အနက်

စုန်း– ဖုတ်– တစ္ဆေ– အစိမ်း– သရဲ– သဘက်– ၎င်းဖမ်းသော် သို့မဟုတ် ပူးသော သူတို့အား ယင်းရေမန်းကို တိုက်ပါ၊ မသောက်ဘဲ ငြင်းဆန်နေပါက ယင်းရေမန်းဖြင့် ခေါင်းမှလောင်း၍ ပါ၊ ပျောက်ကင်းရမည် စီရင်နည်း။

- လူနာကို ဖွတ်ဝင်နေပါကလည်း အထက်ပါ အစီအရင် အတိုင်း ပြုလုပ်ရမည်။

သို့သော် ပူး ကပ် ဖမ်းစား နေသော မကောင်း ဆိုးဝါး စုန်း-ပုကော်-တစ္ဆေ- စသည့် တို့ ကိုတော့ မနှိပ်စက်ပါလေနှင့်၊ မေတ္တာ ဘာဝနာထား၍ စီရင် ပြုလုပ်ပါ။

\+ + +

## မိမိ ပြောဆိုတိုင်း အောင်စေသော

## ပိယမန္တန် အစီအရင်

### စီရင်နည်း - ဝိရပ်ဟနိ

မိမိ အလိုရှိသောမိန်းမကို စေ့စေ့ကြည့်ပြီးလျှင် အောက်ပါအတိုင်း ဂါထာမန္တန်ကို (၇)အုပ် ရွတ်ရမည်။

ယင်းသို့ ရွတ်ဆိုသောအခါ မိမိရွတ်ဆိုသည်ကို သူမ အနေဖြင့် မရိပ်မိအောင်လည်း ဂရုပြုဖို့ လိုသည်။

ဥုံ ဖေဟိ ရမ္မရမိသာသမ၊<br>
ဥဘော အသ္မာက် အသာမေ၊<br>
ဖေဟိ တံ ဥဂ္ဂဟိသံ၊<br>
ရဟိနံ ကုသလံ ဘဝ။

## အညွှန်း

- ယင်းကဲ့သို့ (၇) အုပ် ရွတ်ပြီးနောက် သူမ၏ အမူအရာကို ကြည့်ပါ။ အမူအရာ ထူးခြား လာလိမ့်မည်။
- သူမ၏ အမူအရာမထူးခြားလျှင် သူမအား မပြောဆိုပါနှင့်ဦး။
- နောက်ထပ် တစ်ကြိမ်၊ သို့မဟုတ် နှစ်ကြိမ် ယင်း ဂါထာကို ထပ်မံ ရွတ်ဆိုဖို့ ကြိုးစားရမည်။
- ယင်းသို့ ထူးခြားလာသော အခါ ကျမှသာလျှင် သူမအား မိမိ ပြောလိုရာ စကားကို ပြောဆိုရမည်။
- မိမိ ပြောတိုင်း အောင်မြင်ပါလိမ့်မည်။
- မိမိ အလိုသို့လည်း ပါလိမ့်မည်။

သို့သော် သစ္စာရှိဖို့တော့ သတိပြုပါ၊ အတည်မကြံဘဲနှင့် အသုံးမပြုပါနှင့် ကာမေသုမိစ္ဆာစာရကိုလည်း ရှောင်ကြဉ်ပါ။

# လက်နက်အစီအရင်ကဏ္ဍ

## ပိယသျှိနှင့်တကွ ဇုဠ္လာသဃ လိုရာရနိုင်သော

### သုဝန္နုလေး အစီအရင်

### စီရင်နည်း - စီရင်ဟန်

သုဝန္နုလေးကို ပိဇ္ဇာယာနုပညာဖြင့်စီရင်လိုသော် ချိန်ခါ နက္ခတ် ကောင်းမြတ်သောအခါတွင်-

- မိုးကြိုးပစ် သစ်သားကို ဒူးလေး လုပ်ပြီးလျှင်
- မိုးကြိုးပစ် ဝါးကို လေးကိုင်းလုပ်၍
- ပရိတ်တော်ချည်ကို လေးကြိုးကျစ်ပြီး

လေးကို ပိပိပြင်ပြင် ပြုလုပ်ရမည်။ ထို့နောက်-

- မှိုင်းကိုင်းစက္ကူ၌ 'ဦး ဇုက္ကာပက္ခာ ခေဝါမိုး' ဟူသော ဂါထာကိုရေး၍ လက်ယာဖက်ကြိုးရင်း၌ ဆွဲရမည်။

– ယံ့ အတူ မှိုင်းကိုင် စက္ကူ၌ 'ဥုံ ကကုပကု ဒေဝ ဒိုင်း' ဟူသော ဂါထာကိုရေး၍ လက်ဝဲဘက်ကြို ထိပ်၌ ဆွဲရမည်။

ယင်းသို့ လေးလည်း ပြုလုပ်ပြီး၍ လက်ယာဘက် လက်နှင့် ဂါထာများလည်း ဆွဲပြီးနောက် ယင်းလေးကို သိ တင်မှုမည်၊ သိဒ္ဓိတင်သောအခါ–

၁–ရေဆိပ်

၂–ခရီးလမ်းဆုံ

၃–သုသာန်

ဤ သုံးဌာနတွင် ယင်းလေးကို အောက်ပါ ဂါထာမန္တန်ဖြင့် (၁၀၀၀)အုပ်စိ ရွတ်၍ သိဒ္ဓိ တင်ရမည်။

သိဒ္ဓိတင် ဂါထာ

ဥုံ ပထဝီ ဒေယျသုန္ဒရီ၊ သဗ္ဗစန္ဒ၊ မဟာဗေဒ ဇေယျာ ဇေယျ သုခန္ဒုံ။

ယင်းသို့ သိဒ္ဓိတင်ပြီးနောက် တန်ခိုးကြီးသော နတ်[illegible] သို့သွား၍–

– 'အရှင်နတ်မြတ် – သုခန္ဒ ဟူသည့် အကျွန်ုပ်တည်း အကျွန်ုပ်၏ လေးကို ပူဇော်ပါ၏'

ဟု ဆို၍ ယင်းလေးကို ပေးအပ်ရမည်၊ ယင်းသို့ပေးအပ်သော အခါ နတ်ပွဲ ယကာ အချိုအချဉ် ပွဲများလည်း ဆက်သင့် ပိုရာ ဆုကိုလည်း တောင်းရမည်။

လေးကိုတင်၍ မန္တန်ကို ရွတ်လိုက်လျှင် အလိုအလျောက် ပြုတ်၍ ကျလာလိမ့်မည်၊ ဤမျှတည်းဖြင့်ပင် မိမိဆောင်ရွက် အပ်သော အစီအရင်သည် အောင်မြင်ပြီဟူ၍ ယူဆရမည်။

ထို့နောက် 'နတ်မြတ်သည် ငါ့အား လေးကို ပြန်၍ ပေးတော်မူသည်' ဟု အမှတ်ထားပြီးလျှင် ရိုသေစွာ ဖောင်း ပန်၍ ယင်းလေးကို ပြန်ယူခဲ့ရမည်။

## အညွှန်း

— ရန်ဘိုးမြေပျောက်လို၍ဖြစ်စေ၊ သို့မဟုတ် ပယောဂကို လို၍ ဖြစ်စေ၊ အသုံးပြုလိုသောအခါ 'သူနေ့ ငါ၊ ဘုန်းမောင်မြ၊ ရာဇာကေရာဇ် အာဏာ တော်' ဟူ၍ ရွက်ဆို ကြိမ်းဝါး ပြီးလျှင် အလိုရှိရာကို ရည်စူး၍ ပစ်ပါလေ။

— အလိုရှိတိုင်း ကျိန်းသေ အောင်မြင်မည်။

သို့သော် ပီယသျှို အရာ၌ သုံးလျှင် သစ္စာ ရှိရမည်၊ အခြား ကိစ္စ၌ သုံးလျှင် ကတိ တည်ရမည်။ ဤ အချက်ကို သတိပြု ပါလေ။

## ရန်သူမှန်သမျှကို အောင်မြင်နိုင်သော
## ဆောင်ဓား အာစီအရင်

ဝီရဝ်နည်း-ဝိရဏီဟန်

ဆောင်ဓားကို ဝိဇ္ဇာယာနပညာဖြင့် စီရင်လိုပါက မိုးမိုး ဆောင်ဓားမျိုးကို စီရင်၍မဖြစ်ပေ၊ လုပ်ထားပြီးသား ဆောင်ဓားမျိုး မဟုတ်ဘဲ—

၁။ ခါးဦး - ၃၀

၂။ လှံဦး - ၃၀

ချပ်ရပ်ကိုပေါင်း၍ ဆောင်ဓားပြုလုပ်ရမည်။

ယင်း ဆောင်ဓားနှစ်ဖက်၌ အောက်ပါ ဂါထာ မန္တန်ကို ရေးသားရမည်။

ဂါထာမန္တန်

ဥုံ ကြိမ်စွေသလောင်စဲ အန္တနမော တွဒ်တွဒ်
မောရိသတ္တော တျိန်တျိန်။

ဥုံ ကြိမ်ဖွေသလောင်စဲ အတ္တနမော တ္တဒ်တ္တဒ်
မောရိသတ္တော တျိန်တျိန်။

ဤဂါထာမန္တန်ဖြင့် ပဝ် တန်ခိုးကြီးဘုရား ရှေတော်၌—

- ဓားအရပ်း (၁၀၀၀) အုပ်
- မားအလယ် (၁၀၀၀) အုပ်
- ဓားအဖျား (၁၀၀၀) အုပ်

အသီးသီး စုတ်ရမည်။

ယင်းသို့ ဂါထာ (၁၀၀၀) အုပ်စီ စုတ်ပြီးနောက် သံဃာတော် (၃) ပါး ပရိတ်ရွတ်သော ပရိတ်စင်၌ ယင်းဆောင်မားကို ထောက်လျက်ပရိတ်နာရမည်။

ပြီးလျှင် ပရိတ်ချည်ကို ဆောင်မား၌ စွပ်၍ ထားရမည်၊

အညွှန်း

- ရန်သူကို မြင်သောအခါ ယင်း ဆောင်မားကို မိုးပြီး နှုတ်မှ ‘ တျိန်တျိန် ’ဟု ရွတ်၍ လိုက်ရမည်။
- ရန်သူက ‘ ဓားလေးဆယ်-လူလေးဆယ် ’ဟု ထင်လိမ့်မည်။
- ရန်သူက ‘ ဓားလေးဆယ်-လူလေးဆယ် ’ဟု မြင်ပါက ‘ ဓား အသိန်း - အသန်း - လူ အသိန်း - အသန်း ’ဟု ထင်ရလိမ့်မည်။
- ရန်သူများ ဦးရေအား [illegible] ဘဲမျှလောက်ပင် များပြားသော်လည်း ပြန် [illegible] ခင်ကြ [illegible] ပြေး [illegible] ကုန်သည်သာလျှင်တည်း။

'ဗားမဲ့မှုရင်းပေစာ'၌ ရှေးဆရာကြီးများက 'ပြည်တန်သော ဆောင်ဓား'ဟု တန်ဖိုးဖြတ်ခြင်းခံခဲ့ရသော အစီအရင်ဖြစ်သည်၊ သို့သော် စီရင်သောအခါ စနစ်တကျ ထိမ်းကျကျ ရှိဖို့ လိုသည်။

\+ × +

အဖန်ကောင်းရုံသာမက တန်းဟန်ခိုး အာဏာကြီးမား ထက်မြက်ခဲ့သော

တောင်ဝေး အစီအရင်

စီရင်နည်း-စီရင်ဟန်

တောင်ဝေးကို ဝိဇ္ဇာဓိယာနပညာ အစီအရင်ဖြင့် စီရင်လိုပါက သိမ်ဝင်ကြေးပြား၌ အောက်ပါ ဂါထာမန္တန် နှစ်ပုဒ်ကို ရေးရမည်။

ဂါထာ မန္တန်

၁။ ဥုံ ပုဏ္ဏကာသာ စ ယက္ခာသာ
ဏုသသီဟာနဒသာ စ
ဝိသုဏမ္ဗသာ စ တယော သဒ္ဒေါ
အာဠဝကသာ စ။

၂။ ဥုံ ဗုဒ္ဓစက္ကုံဟိ၊ သက္ကဿ အာသနို၊
နယနာဝုဓဝဇ္ဇာ ဝေဿဝဏ္ဏဿပိ၊
ဒုဿံ အာဠဝကော သာဝ။

ရေးသောအခါ သိမ်ဝင်ကြေးပြား၌ ယင်းဂါထာ မန္တန် နှစ်ပုဒ်အနက်—

– ပထမ ဂါထာကို အတက် အဖြစ်ဖြင့် လည်းကောင်း၊

– ဒုတိယ ဂါထာကို အဆင်း အဖြစ်ဖြင့် လည်းကောင်း၊

အသီးအသီး ရေးရမည်။

ထို့နောက် သိမ်ဝင်ကြေးပြားကို လိပ်ရမည်၊ လိပ်ပြီးလျှင် ယင်းသိမ်ဝင်ကြေးပြားကို တောင်ဝှေး၌ လက်ကိုင်ထားသော ဘက်တွင် သွတ်ထားရမည်။

ယင်းသို့ ပြုလုပ်ပြီးသောအခါ သိမ်တွင်းရှိ ဘုရားရှေ့တော်တွင် တောင်ဝှေးကို အထက်ပါ ဂါထာမန္တန် နှစ်ပုဒ်နှင့်ပင် (၃၇) အုပ် ရွတ်ရမည်။

## အညွှန်း

– ခရီးသွားလျှင် ယင်းတောင်ဝှေးကို ဆောင်၍ သွားရမည်။

— တစ်စုံတစ်ယောက်နှင့် စကားမပြောမီ ယင်း နှစ်ဂါထာကို ရွတ်ရမည်။

— ရွတ်ပြီးမှ စကားပြောရမည်။

— အဟန့်လည်း အလွန်ကောင်းသည်။

— ဘေးအန္တရာယ်လည်း ကင်းသည်။

— ဘုန်းတန်ခိုးအာဏာ ကြီးမားမည်။

ယင်းတောင်ဝှေးကို စီရင်သောအခါ ဆရာနည်းကျအောင် ဂရုတစိုက်ဂရုပြု၍ စီရင်ပါ၊ အမှန်မှာ လက်နက်ကို တောင်ဝှေးသဏ္ဌာန်-တောင်ဝှေးအသွင်ဖြင့် လူအမြင် မဆိုးအောင် စီရင်ထားခြင်း ဖြစ်သည်။

အသက်အရွယ် ကြီးရင့်လာသူ တစ်ယောက်အနေဖြင့် ဘောနက်ကိုဖြစ်စေ၊ ဓားကိုဖြစ်စေ ကိုင်ဆောင်သွား၍ မဖြစ်ပေ၊ လူအမြင်မှာလည်း မတင့်တယ်ပေ၊ တရားဥပဒေနှင့်လည်း ဆန့်ကျင်နေပေမည်။

အသက်အရွယ်ကြီးသူပင်ဖြစ်စေ- အသက်အရွယ်ငယ်သူပင် ဖြစ်စေ မိမိ၏ လုံခြုံရေးအတွက် တစ်ခုခုတော့ ကိုင်ဆောင်သွားဖို့လည်း လိုသည်။

သို့ဖြစ်၍ အသက်အရွယ်ကြီးရင့်လာသူအဖို့ ကိုင်ဆောင်သွားရန် အသင့်လျော်ဆုံး အရာဝတ္ထုမှာ တောင်ဝှေးပင်

ဖြစ်သည်၊ တောင်ဝေးသည် လူမြင်ရှုလည်း တင့်တယ်သည်
အသက်အရွယ်နှင့်လည်း လိုက်ဖက်သည်။

အထက်က ဖော်ပြထားသည့်အတိုင်း ဝိဇ္ဇာယာနပညာဖြင့်
စီရင်ထားသော တောင်ဝေးမှာ မိမိ၏ လုံခြုံရေးအတွက်
သေနတ်ထက်လည်း အားကိုးရသည်၊ ဓားထက်လည်း အားကိုး
ရသည်။

ထို့ပြင် မိမိ၏ လုံခြုံရေးအတွက် သေနတ်, ဓားတို့ထက်
အားကိုးရရုံသာမက မိမိပြောဆိုတိုင်း အောင်မြင်ခြင်း–ဘုန်း
တန်ခိုး အာဏာလည်း ကြီးမားစေနိုင်ခြင်းတို့ကြောင့် ဤ
'တောင်ဝေး အစီအရင်'ကို အသက်အရွယ် ကြီးရင့်သူများ
အတွက် အထူး စီစဉ် ဖော်ပြလိုက်ရခြင်း ဖြစ်သည်။

ဗားမဲ့ ဗားဘာမေ့ လက်တွေ့ အစီအရင်ကျမ်း၊

ဒုတိယတွဲ – ပြီး၏

——